မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်

မိမိနိုင်ငံရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံးကို စနစ်တကျ လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်ရဲ့ ပင်မကျတဲ့ လိုအပ်ချက်တွေကို သိရှိနိုင်တယ်။ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည်သဘောပေါက်ပြီး နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကိုဖြည့်ဆည်းရာမှာ ကိုယ်တိုင်ကိုယ်ကျ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်းဟာ အမျိုးသားရေးတာဝန် ကျေပွန်မှုဖြစ်တယ်။ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်တဲ့ နိုင်ငံသားတွေဟာ နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအားပင် ဖြစ်တယ်။ နိုင်ငံသားတိုင်းမှာရှိနေမယ့် အဲဒီအရည်အသွေးဟာ နိုင်ငံကလိုအပ်တဲ့ စွမ်းရည်စွမ်းအားဖြစ်တယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးမှီခိုအားထား သြဇာခံလာစေရေး ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်မှုများ အစဉ်တစိုက်ပြုလုပ်နေသည်ကို ကိုယ်တွေ့မျက်မြင်ဖြစ်

တလုံးတစည်းတည်းသောပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ အမွန့်ရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ် အမျိုးသားညီလာခံကြီးရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်ရေး ကျရာကဏ္ဍကစွမ်းစွမ်းတမံကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌

စာမျက်နှာ ၈ ကော်လံ ၁ ✡

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ "သုတေသနပြု ဆောင်ရွက်ရမည့် ဦးစားပေးကျန်းမာရေးပြဿနာ ရောဂါခြောက်မျိုးကို နိုင်ငံတော်က လမ်းညွှန်မှုပေးထားပြီးဖြစ်သည်။ ယင်းရောဂါများမှာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများဖြစ်သည်။"

ခေါင်းကြီး(စာ-၂)

❐ "ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရတာ ခက်ခဲပေမယ့် အဖျက်အဆီးလုပ်ရတာက လွယ်တယ် မဟုတ်လားကွ။ အဖျက်သမားကတော့ အမြဲတမ်း အခွင့်ကောင်းကိုရှာလို့ အဖျက်အမှောင့်လုပ်နေမှာပဲ၊ နိုင်ငံနဲ့ အစိုးရကို သိက္ခာချနေမှာပဲ။ ဒါကို ပြည်သူတွေ သတိရှိကြဖို့လိုမယ်"

ဟိန်းမြင့်၏ ဆောင်းပါး(စာ-၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကျန်းမာရေးဆိုင်ရာပညာရှင်များ ပြည်သူများနှင့်လက်တွဲဆောင်ရွက်

နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့သည် အထူးအရေးပါသည့်နေရာတွင် ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသူနိုင်ငံသားများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံသူနိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်ချမှတ်ပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ၁၄ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်ကလမ်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကား ပြောကြားရာ၌–

"နိုင်ငံတော်၏ အနာဂတ်သည် ယနေ့လူငယ်များ၏ လက်ထဲတွင်ရှိကြောင်း၊ ထို့ကြောင့် လူငယ် လူရွယ်များ၏ ကျန်းမာရေးကို အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ် ဖော်ဆောင်ပေးနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူငယ်များကို ဦးတည်အုပ်စု (Target group)အဖြစ် သတ်မှတ်ပြီး ရောဂါကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် ရေရှည် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးနည်းဗျူဟာ ဖြစ်သည်"

ဟု ပြောကြားသွားခဲ့သည်။

ယနေ့ နိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက လူငယ်ကျန်းမာရေးအကျိုးဆောင်ဟု ခေါ်ဆိုသော လူငယ်ချင်းပညာပေးသူများ လုပ်ငန်းလေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် အထိရောက်ဆုံး နည်းဗျူဟာကို အခြေခံသည့် လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

လုပ်ငန်းစဉ်များ ရေရှည်တည်တံ့အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ ဘောင်အတွင်းတွင် မည်ကဲ့သို့ ဖော်ဆောင်သင့်သည်ဆိုသည့် အဖြေများဖော်ထုတ်ပေးမည့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်ကြရမည် ဖြစ်သည်။

သုတေသနပြုဆောင်ရွက်ရမည့် ဦးစားပေးကျန်းမာရေးပြဿနာ ရောဂါခြောက်မျိုးကို နိုင်ငံတော်က လမ်းညွှန်မှုပေးထားပြီး ဖြစ်သည်။ ယင်းရောဂါများမှာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများ ဖြစ်ကြသည်။

ယင်းရောဂါများနှင့်စပ်လျဉ်း၍ ထက်မြက်ထိရောက်သည့် ရောဂါကုထုံးများနှင့် ဆေးဝါးများကို သုတေသနပြုလုပ်ခြင်းများ ဖော်ထုတ်ရာတွင် တိုင်းရင်းဆေးသုတေသနနှင့် ဆက်စပ်လုပ်ကိုင်ကြရမည်ဖြစ်သည်။ အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို စဉ်ဆက်မပြတ်စောင့်ကြပ် ကြည့်ရှုနေကြသကဲ့သို့ တစ်ဖက်တွင်လည်း ရောဂါများနှင့် ဆက်စပ်နီးနွယ်သည့် အခြေပြုလုပ်ငန်းများကို လုပ်ဆောင်ကြရင်း ကြိုတင်ပြင်ဆင်မှုများ အသင့်ရှိနေကြရမည် ဖြစ်သည်။

နိုင်ငံတော်တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ကျေးလက်နေ ပြည်သူများကိုယ်တိုင် မိမိတို့ဒေသ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတွင် မိမိတို့ကိုယ်တိုင်လည်း တာဝန်ရှိသည်ဟု သိမြင်ခံယူထားကြရမည်ဖြစ်သည်။ ပြည်သူများကိုယ်တိုင် ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများ၊ အချင်းချင်း လက်ဆင့်ကမ်း ပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုကို ဦးတည်သော လူထုပါဝင်မှု အခြေပြုသုတေသန အမျိုးအစားများအား အောက်ခြေ အထိဆင်းပြီး လုပ်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အမျိုးသားရေးပန်းတိုင်သို့ ချီတက်လျက်ရှိရာတွင် ကျန်းမာရေးဆိုင်ရာ ပညာရှင်များသည် ပြည်သူများနှင့် လက်တွဲ၍ မိမိတို့တတ်သိထားသော အတတ်ပညာများဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၆–၁–၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သမ္မာဒိဋ္ဌိငါးမျိုး"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The General Characteristics of Contemporary Westerl Philosophy (ဒုတိယနှစ်–ဒဿနိကဗေဒ)
- ၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၇။ English Premier League ဘောလုံးပွဲ Fulham Vs Westbromwich Albi

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ယောနယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ၂၀၂/၄၀ လမ်းရှိ ယောနယ်အသင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

ပူးတွဲကျင်းပမည်

အစည်းအဝေးနှင့်အတူ အသင်းဝင်များနှင့် သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကိုလည်းကောင်း၊ အသက် ၇၀နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင် မိဘများအား သက်ကြီးပူဇော်ပွဲကို လည်းကောင်း ပူးတွဲကျင်းပမည်ဖြစ်သည်။

အသက် ၇၀နှင့်အထက် အသင်းဝင်နှင့် မိဘများ၊ ၂၀၀၄ခု ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်တန်း၊တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာ ဖြေဆိုအောင်မြင်ကြသော အသင်းဝင်နှင့် သားသမီးများသည် အောင်လက်မှတ်၊ သန်းခေါင်စာရင်းနှင့်အတူ လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး ၅၂/၃၀လမ်းနေ ဦးအေးမောင်နှင့် ၁၄၀/၃၇လမ်းနေ ဦးအောင်မြတို့သို့ဇန်နဝါရီ ၂၂ရက်က နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် အစည်း အဝေးသို့တက်ရောက်ပြီး ဆွေးနွေး အကြံပြုကြပါရန် အသင်းဝင်များအား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

လပွတ္တာမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၁၅)၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ ၄ရက်မှ၁၀ရက် (ပြာသိုလပြည့်ကျော် ၁၁ရက် မှ တပို့တွဲလဆန်း၂ရက်)အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ B.Sc (Phy.)က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၃ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ် (၂၆) အခြေခံပညာမူလတန်းကျောင်း စုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနား၌ ကျောင်းတွင်းဘက်စုံ ပထမဆုနှင့် ဘာသာရပ်ထူးချွန်ဆု၊ ကျောင်းတက်မှန်ဆုရ ပထမတန်းမှ မောင်ငြိမ်းချမ်းမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ဆုချီးမြှင့်စဉ်။ (က–ပ)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ဖြေဆိုမှုအားပေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၉နာရီတွင် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေ၊အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပသည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၄၉၃ဦးတို့၏ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ဝင်ရောက် ဖြေဆိုနေမှုများကိုလှည့်လည် ကြည့်ရှုအားပေးပြီး နံနက်၉နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

ကြည့်ရှုအားပေး

အလားတူ ၂၀၀၅ ခုနှစ် နှစ်(၆၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျွမ်းကျင် ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် ဆရာမများက ကျောင်းသူ ၄၄၀တို့၏ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများသို့ ဝင်ရောက်ဖြေဆိုမှုများကိုလှည့်လည် ကြည့်ရှုအားပေးကြသည်။

ကျင်းပ

ထို့အတူ ၂၀၀၅ ခုနှစ် နှစ်(၆၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ယနေ့နံနက် ၉နာရီမှစတင်၍ တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသစ်နှင့် အခြေခံအပ်ချုပ်သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်က အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ်စိုးနွယ်က ဝန်ထမ်းများနှင့် သင်တန်းသူများ အားကစားလေ့ကျင့်နိုင်ရန် ကိုယ်ကာယလေ့ကျင့်ခန်းစက်တစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်မျိုးအေးက လက်ခံရယူသည်။ ထို့နောက် ဧည့်သည်တော်များသည် သင်တန်းကျောင်းအတွင်းသို့ လှည့်လည်၍ သင်တန်းသူများ အိမ်တွင်းမှု စက်ချုပ်ပညာ သင်ကြားနေမှုများကို ကြည့်ရှုကြသည်။

လူနေမှုဘဝ

အဆိုပါသင်တန်းသို့ ဗန်းမော်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး ဒေသခံတိုင်းရင်းသူများ လူနေမှုဘဝမြင့်မားရေးအတွက် အိမ်တွင်းမှုပညာရပ်များ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် ဇနီးအား ရည်စူး၍ အမှတ် ၂၆ ဗဟိုလမ်း ကျောက်မြောင်းဈေးအနီး တာမွေမြို့နယ်နေ ဦးဘဆောင်းနှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က–ပ)

မေတ္တာတန်ခိုး

ဆူနာမီ ဒီရေလှိုင်း
ရိုင်းစိုင်းလိုက်တာ
အသက်တွေ သိန်းကျော်ဆုံး
မျက်ရည်လုံး လှိုင်းထက်သာ။
ဒို့နိုင်ငံ **ဒို့မြန်မာ**
အံ့စရာ လွတ်ကာသွား။
ဘယ်သူတွေ ဘယ်လိုဆဲပေမယ့်
ဘယ်သူတွေ ဘယ်လိုခွဲပေမယ့်
တွဲလက်ညီ ပြည်သူများရဲ့
မေတ္တာတရား။ ။

မျိုးသာခင်

အိန္ဒိယနိုင်ငံ၏ အကောင်းဆုံးဒေသကြီးငါးခု မလေးရှားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်တိုက်တွန်း

ရှာဟာလမ် ဇန်နဝါရီ ၁၃

အခွင့်အလမ်းများစွာရှိမှုအပေါ် အခြေခံထားသော အိန္ဒိယနိုင်ငံ၏ အကောင်းဆုံးဒေသငါးခုတွင် ရင်းနှီးမြှုပ်နှံသွားရန် မလေးရှား စီးပွားရေးလုပ်ငန်းအစုအဖွဲ့ အထူးသဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ (အက်စ်အမ်အိုင်)တို့ကို တိုက်တွန်းထားကြောင်း အမျိုးသားအက်စ်အမ်အိုင် ညှိနှိုင်းဆောင်ရွက်မှုဌာန(နပ်စ်မစ်)ဥက္ကဋ္ဌ ဒါတွတ်ချာကျိမင်းက ပြောကြားသည်။

နယူးဒေလီအပြင် ရင်းနှီးမြှုပ်နှံရန်အတွက် အကောင်းဆုံးဒေသများမှာ မဟာရာ့ရှ်ထရာ၊ ကာနာတာကာ၊ တမီလ်နာဒူးနှင့် အန်ဒရာပရာဒက်ဒ် ပြည်နယ်များဖြစ်ကြောင်း နပ်စ်မစ်အဖွဲ့က ပြောကြားသည်။

အကောင်းဆုံးနေရာ

အဆိုပါဒေသများသည် ရေနံနှင့် ဓာတ်ငွေ့၊ တည်ဆောက်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း၊ ဇီဝနည်းပညာ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာ၊ ကားနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် အကောင်းဆုံးနေရာများဖြစ်ကြသည်ဟု ရှာဟာလမ်၌ ကြာသပတေးနေ့က ကျင်းပသော မလေးရှား-အိန္ဒိယ စီးပွားရေးညီလာခံ ၂၀၀၅(အမ်အိုင်အီးစီ-၂၀၀၅) နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ဒါတွတ်ချာကျိမင်းက ပြောကြားသည်။

အနေအထားကောင်း

အဆိုပါညီလာခံ၌ မလေးရှားနိုင်ငံဆိုင်ရာ အိန္ဒိယ မဟာမင်းကြီး အာရ်အယ်လ်နာယာယန်က ကမ္ဘာ့အဆင့်မီ နည်းပညာအပေါ် အခြေခံထားသော မလေးရှားကုမ္ပဏီများသည် ယခုအခါ အိန္ဒိယနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ခံစားရန်အတွက် အနေအထားကောင်းကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ၌ မလေးရှားကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်မှုအတွက် ဝမ်းမြောက်ကြောင်း၊ အဝေးပြေးလမ်းစီမံကိန်းများသာမက အဆောက်အအုံတည်ဆောက်ခြင်း၊ ကြေးနန်းဆက်သွယ်ခြင်းတို့ကဲ့သို့ နယ်ပယ်များတွင်လည်း ပိုမိုဆောင်ရွက်သွားရန် အိန္ဒိယနိုင်ငံက မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခု၌ အဘိုးအဘွားများ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ရန်အတွက် နံနက်ချိန်ခါ လေ့ကျင့်ခန်းပြုလုပ်နေမှုကို ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ ရှယ်ယာဝယ်ခွင့် ဗီယက်နမ် စက်မှုဝန်ကြီးဌာနက ခွင့်ပြုသွားမည်

ဟန္နိုင်း ဇန်နဝါရီ ၁၃

ဗီယက်နမ်နိုင်ငံ၏ ဗီနာတက်စ်စုပေါင်းကော်ပိုရေးရှင်းတွင် အစုရှယ်ယာများ ဝယ်ယူခွင့်ကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအား ဗီယက်နမ်စက်မှုဝန်ကြီးဌာနက ပေးသွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်း ဒုတိယဝန်ကြီးဘီရွှမ်ခူက ဟန္နိုင်းတွင်ကျင်းပသော နီးနှောပွဲ၌ ပြောကြားသည်။

နိုင်ငံတော်က ပိုင်ဆိုင်သည့် ဗီယက်နမ် အထည်အလိပ်နှင့် အဝတ်အထည်ကော်ပိုရေးရှင်း (ဗီနာတက်စ်) အောက်ရှိ အထည်အလိပ်လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက် ငွေကြေး ပိုမိုလိုအပ်ကြောင်း သိရသည်။

ကျင်းပ

ပြီးခဲ့သည့်နှစ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ရန်နှင့် ယခုနှစ်၏ မဟာဗျူဟာ ဆောင်ရွက်ချက်များကို ဖော်ထုတ်ရန်အတွက် အဆိုပါနီးနှောပွဲကို ဗီနာတက်စ်က ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထူထောင်

ပြီးခဲ့သည့်နှစ်၌ ဗီနာတက်စ်သည် ဗီယက်နမ်ဒေါင်ငွေ(ဗွီအင်ဒီ) ၁၁ဒသမ ၅ထရီလီယံ (အမေရိကန် ဒေါ်လာ ၉၆ ဒသမ ၄ သန်း)တန်ဖိုးရှိ စီမံကိန်း ၃၅ ခုကို ထူထောင်ခဲ့ရာ ယင်းအနက် ဗီအင်ဒီ ၈၆၄ ဘီလီယံ (ဒေါ်လာ ၅၅ သန်း)ကို ကုန်ကြမ်းနှင့် ရက်ထည် ထုတ်လုပ်မှုတိုးတက်ရေးအတွက် သုံးစွဲခဲ့သည်ဟု ဗီနာတက်စ်ညွှန်ကြားရေးမှူးချုပ် ဗူဒတ်သင်က ပြောကြားသည်။ ယင်းတိုးတက်မှုများသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်၌ စသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဖယ်ရှားသည့် အထည်အလိပ် အဝတ်အထည်ခွဲတမ်းကို နိုင်နင်းစွာဖြေရှင်းနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ပမှ ငွေကြေးအရင်းအမြစ်များကို ဆွဲဆောင်ရန်အတွက် ကုမ္ပဏီများသည် ရှယ်ယာတန်ဖိုးကို တိုးမြှင့်သင့်ကြောင်း ဘီရွှမ်ခူက ပြောကြားသည်။ **(အင်တာနက်)**

ကာရစ်ဘီယံဒေသ၌ ငလျင်လှုပ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

ကာရစ်ဘီယံဒေသအတွင်းရှိ နိုင်ငံများသည် ငလျင်ကြီးများနှင့် ဆူနာမီဒီလှိုင်းကြီးများ၏ အမှန်တကယ်ခြိမ်းခြောက်ခြင်းကို ခံနေကြရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ကာရစ်ဘီယံဒေသ၊ မက္ကဆီကိုပင်လယ်ကွေ့နှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဆူနာမီနှင့်ပတ်သက်သည့် ကြိုတင်သတိပေးစနစ်များ ထူထောင်ပြီး ဒေသအတွင်း၌ ဆူနာမီခြိမ်းခြောက်မှုများကို ပြည်သူလူထုအား ပိုမိုကောင်းမွန်စွာ အသိပညာပေးရန် သိပ္ပံပညာရှင်များက တိုက်တွန်းပြောဆိုကြသည်။

တုန်လှုပ်

အဆိုပါဒေသတွင် လူသန်း ၂၀ နီးပါး နေထိုင်ကြပြီး ပျမ်းမျှနှစ် ၅၀ ရှိတိုင်း ငလျင်ကြီးတစ်ခု တုန်လှုပ်လေ့ရှိကြောင်း သိပ္ပံပညာရှင်များက ပြောဆိုကြပြီး အကယ်၍ လှုပ်မည် မလှုပ်မည်နှင့် မည်သည့်အခါ လှုပ်မည်ဆိုသည်မှာ သံသယရှိစရာ မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောဆိုကြသည်။

မကြာသေးသည့် ၁၉၄၆ ခုနှစ်က ရစ်ချ်တာစကေး ၈ ဒသမ ၁ ရှိသော ငလျင်ကြီးတုန်လှုပ်ခဲ့ရာ၌ ဆူနာမီလှိုင်းကြီးများဖြစ်ပေါ်ခဲ့ရာ လူ ၁၆၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

သမိုင်းမှတ်တမ်းများအပေါ် အခြေခံ၍ မိမိတို့၏ သုတေသနပြုချက်အရ ငလျင်ကြီးတစ်ခုသည် ကာရစ်ဘီယံဒေသ၌ တုန်လှုပ်နိုင်စရာရှိပြီး ဆူနာမီလှိုင်း ပေါ်ပေါက်လာနိုင်စရာ ရှိနိုင်ကြောင်း သိပ္ပံပညာရှင် ကျင်လင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ဆီးရီးယားနှင့်လက်ဘနွန်နိုင်ငံတို့ လက်မှတ်ရေးထိုး

ဒမတ်စကတ် ဇန်နဝါရီ ၁၄

အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သော ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့သည် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆာနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့သည် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ နှစ်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများကောင်းမွန်ရေး၊ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုများ အပြန်အလှန်ဖလှယ်ရေးကဲ့သို့သော လုပ်ငန်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အဆိုပါသဘောတူညီချက်တွင် ပါရှိကြောင်း ဆီးရီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါသဘောတူညီချက်မှာ ဆီးရီးယား-လက်ဘနွန် ခရီးသွားလုပ်ငန်းကော်မတီ၏ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ ကြော်ငြာခြင်းများကဲ့သို့သော အကြောင်းအရာများလည်း ပါဝင်ကြောင်း ဆီးရီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆီးရီးယား-လက်ဘနွန် ခရီးသွားလုပ်ငန်းကော်မတီသည် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းတစ်ရပ်ကို ပူးပေါင်းဆွေးနွေးကြမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းဆက်သွယ်ရေး ပူးတွဲအဆောက်အအုံတစ်ခုကိုလည်း တည်ဆောက်သွားရန် ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

၂၀၂၅ ခုနှစ်၌ သွေးတိုးရောဂါ ဖြစ်ပွားသူ တစ်ကမ္ဘာလုံးတွင် သန်း၁၀၀၀ကျော်ရှိမည်ခန့်မှန်း

လန်ဒန် ဇန်နဝါရီ ၁၄

ကမ္ဘာတစ်ဝန်းရှိ လူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သော လူသန်း ၁၀၀၀ ကျော်သည် ၂၀၂၅ ခုနှစ်၌ သွေးတိုးရောဂါဖြစ်ကြလိမ့်မည် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သောကြာနေ့၌ ကြိုတင်တွက်ဆ ပြောကြားလိုက်ကြသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ လူသန်း ၁၀၀၀ သည် ၂၀၀၀ ပြည့်နှစ်အတွင်း၌ သွေးတိုး၊ နှလုံးနှင့် လေဖြတ်ခြင်းခံခဲ့ကြရပြီး လာမည့်နှစ် ၂၀ ၌ အရေအတွက်သည် ၆၀ ရာခိုင်နှုန်းခန့်တိုးလာကာ လေးပုံသုံးပုံမှာ ဖွံ့ဖြိုးနိုင်ငံများ၌ ဖြစ်ပွားကြလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၌ သွေးတိုးရောဂါဖြစ်သူ ၁ ဒသမ ၅၆ ဘီလီယံရှိမည်ဟု မိမိတို့ခန့်မှန်းကြောင်း သိပ္ပံပညာရှင် ဒေါက်တာကျင်ဟေးက ပြောကြားသည်။

အများဆုံး

နှလုံးရောဂါသည် နိုင်ငံအများစု၌ လူအသေအပျောက်အများဆုံး ရောဂါတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံး၌ သေဆုံးသူအားလုံး၏ ၃၀ ရာခိုင်နှုန်းမှာ နှလုံးရောဂါကြောင့် ဖြစ်သည်။

မြင့်မားလာမည်

၂၀၀၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ သွေးတိုးရောဂါ ဖြစ်ပွားသည့် လူကြီး ၃၃၃ သန်းရှိခဲ့ပြီး ဆင်းရဲသည့်နိုင်ငံများသည် ၆၃၉ ဦး ရှိခဲ့သည်။ သွေးတိုးရောဂါရှိသူ ထက်ဝက်ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ယခုအခါရှိကြပြီး ၂၀၂၅ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးတိုးရောဂါဖြစ်ပွားသည့် အချိုးအစားသည် မြင့်မားလာမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အမျိုးသမီးငယ်နှစ်ဦး မိုဘိုင်းလ်ဖုန်း ဆက်သွယ်ပြောဆိုနေမှုကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။
(တရုတ်နိုင်ငံ၌ ၂၀၀၄ခုနှစ်က မိုဘိုင်းလ်ဖုန်း အသုံးပြုသူ ၃၃၄ သန်း ရှိခဲ့ကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးနှင့် ဘူဂေးရီးယား အားကစားနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မည်

ဘရာဇီးလီးယာ ဇန်နဝါရီ ၁၅

ဘရာဇီးနှင့် ဘူဂေးရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား အားကစားနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို ဘရာဇီးသမ္မတ လူးဇ်အီနာစီရို လူနာဒါဆီးလ်ဗာနှင့် ဘူဂေးရီးယားသမ္မတ ဂျော်ဂျီပါဗာနော့ဗ်တို့ ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုး ခဲ့ကြကြောင်း သိရသည်။

ဘရာဇီးသမ္မတဆီးလ်ဗာသည် ဘူဂေးရီးယားသမ္မတဗာနော့ဗ်အား ဘရာဇီးနိုင်ငံ မြို့တော် ဘရာဇီးလီးရားရှိ ပလာနေတိုသမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဘူဂေးရီးယား သမ္မတ ဘရာဇီးနိုင်ငံသို့ အလည်အပတ်လာရောက်ခြင်းသည် ဥရောပနိုင်ငံတစ်နိုင်ငံမှ ခေါင်းဆောင် တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနှင့် ဘူဂေးရီးယားနိုင်ငံတို့ရှိ သံတမန်ရေးဆိုင်ရာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက် ရန်လည်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများက နားလည်မှုစာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုသဘောတူညီချက်တွင် နှစ်နိုင်ငံအကြားသုတေသနပညာရှင်များ၊ ကျွမ်းကျင် သူများနှင့် ပညာတော်သင်များ အပြန်အလှန်စေလွှတ်ရေးစီမံကိန်းများတွင် အထောက်အကူ ပြုရန်လည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ဘရာဇီးနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် ဘူဂေးရီးယားနိုင်ငံ၏ လူငယ်နှင့်အားကစား ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင်လည်း လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပင်လယ်ကွေ့လေကြောင်းလိုင်း ၂၀၀၄ ခုနှစ်တွင် ဝင်ငွေတိုးတက်ရရှိ

အဘူဒါဘီ ဇန်နဝါရီ ၁၄

ပင်လယ်ကွေ့လေကြောင်းလိုင်းအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ခရီးသည် သယ်ယူပို့ဆောင်ရေးမှ ဝင်ငွေ ၂၇ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်ရရှိခဲ့ရာ မကြာမီ နှစ်များကထက် ပိုမိုခဲ့ကြောင်း ပြည်တွင်းထုတ် ဂေါ့ဖ်နယူးစ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

အဆိုပါ ပင်လယ်ကွေ့လေကြောင်း လိုင်းသည် ဘာရိန်း၊ အိုမန်နှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) တို့က ပိုင်ဆိုင်ပြီး ၂၀၀၄ ခုနှစ်တွင် ခရီးသည် ၂၃ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုပို့ဆောင် ပြေးဆွဲပေးခဲ့ရကြောင်း၊ ခရီးသည် စုစုပေါင်းအရေအတွက်မှာ ၇၄၈၄၄၇၀ ဖြစ်ကြောင်း လည်း ၎င်းသတင်းစာတွင် ဖော်ပြထားသည်။

ပင်လယ်ကွေ့ လေကြောင်းလိုင်း သည် ၂၀၀၄ ခုနှစ်တွင် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ပေးရမှုတွင် အနည်း ငယ် တိုးတက်ခဲ့ရာ စုစုပေါင်း ကုန် ပစ္စည်း ၁၈ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့် ပို့ဆောင်ပေးခဲ့ရသည်။

လေကြောင်းလိုင်းတွင် လိုအပ် သည်များကို ပြောင်းလဲပြင်ဆင်မှု ပြုလုပ်ရာ၌ ခရီးသည်များ အမြဲတမ်း တိုးတက်များပြားလာစေရန် ဖြစ်နိုင် သည့် နည်းလမ်းများကို ပြုလုပ်သွား မည်ဖြစ်ကြောင်း ပင်လယ်ကွေ့ လေ ကြောင်းလိုင်း၏ အကြီးအကဲတစ်ဦး ဖြစ်သူ ဂျိမ်းစ်ဟိုဂင်က ပြောကြား သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့အောက် မီတာ ၄၀ တွင် တည် ဆောက်လျက်ရှိသော မြေအောက်ဥမင်လိုဏ်ခေါင်း တစ်ခုကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လေကြောင်းဆက်သွယ်မှု တိုးချဲ့ရေး အင်ဒိုနီးရှားနှင့်စင်ကာပူအစိုးရ သဘောတူညီ

ဂျကာတာ ဇန်နဝါရီ ၁၃

နိုင်ငံခြားကမ္ဘာလှည့်ခရီးသည် အရေအတွက်တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်မှုအဖြစ် အင်ဒို နီးရှားနှင့် စင်ကာပူအစိုးရတို့သည် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် လေကြောင်း အဆက်အသွယ် ပိုမိုတိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။

စင်ကာပူအစိုးရနှင့် ပူးပေါင်းမှုရည်ရွယ်ချက်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ တရုတ်၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းမှ လေကြောင်းလိုင်းများအရေအတွက် တိုးတက်ရေးကို နှစ်နိုင်ငံအစိုးရများက မျှော်လင့်ထားကြောင်း သယ်ယူ ပို့ဆောင်ရေးဝန်ကြီး ဟက်တာရာဒီယာဆာက ပြောကြား သည်။ စင်ကာပူ သယ်ယူပို့ဆောင်ရေးဝန်ကြီး ယိုချော် တောင်နှင့် အင်္ဂါနေ့၌ တွေ့ဆုံပြီးနောက် ၎င်းက ပြောကြား ခြင်းဖြစ်သည်။

ယခုနှစ်တွင် နိုင်ငံသို့ အားလပ်ရက်အပျော်ခရီး ထွက်သူ နိုင်ငံခြားသား ခြောက်သန်း လာရောက်ရေး အစိုးရ၏ ရည်မှန်းချက်ပြည့်မီရန် လေယာဉ်စီးခရီးသည် ထိုင်ခုံအရေအတွက်သည် ၁၂ သန်းအထိ ရှိသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်တပ်များက ဖမ်းဆီးခဲ့သည်ကို ဆန့်ကျင် အီရတ်အစိုးရအဖွဲ့ဝန်ကြီး ရာထူးမှနုတ်ထွက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အမေရိကန်တပ်ဖွဲ့များက ခေတ္တခဏ ဖမ်းဆီးထိန်းသိမ်းခဲ့သည်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အီရတ်အစိုးရအဖွဲ့ဝန်ကြီး အက်ဒ်နန် အယ်လ်ဂျနာဘီသည် ကြာသပတေးနေ့၌ ရာထူးမှနုတ်ထွက်ခဲ့ကြောင်း အီရတ်အရာရှိတစ်ဦးက ပြောကြားသည်။

ဖမ်းဆီးခံရ

ဂျနာဘီသည် အီရတ်ကြားဖြတ် အစိုးရအဖွဲ့နှင့် အမေရိကန်နှင့် ဗြိတိ သျှသံရုံးများရှိရာ အစိမ်းရောင်ဒေသ အနီး၌ မိနစ် ၃၀ကြာမျှ အမေရိကန် တပ်ဖွဲ့များ၏ လက်ထိပ်ခတ်ဖမ်းဆီးခြင်း ခံခဲ့ရသည်။

မအောင်မြင်

ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဌာနချုပ် က တစ်စုံတစ်ရာဝေဖန်ခြင်းမရှိဟု ဆိုသည်။ အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အီယက်ဒ်အာလာဝီက ဆုံးဖြတ်ချက်ကို စွန့်လွှတ်ရန် ဂျနာဘီအား ဖျောင်းဖျရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဟုသိရသည်။

ရွေးချယ်ခဲ့

ပါလီမန် အမတ်နေရာများအတွက် အာလာဝီ ဦးဆောင်သော အမတ် လောင်း ၂၄၀ စာရင်းတွင် ဂျနာဘီအား အမတ်လောင်းတစ်ဦးအဖြစ် ရွေးချယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူသမ္မတ ထိုင်းသို့လာရောက်မည်

ဗန်ကောက် ဇန်နဝါရီ ၁၄

စင်ကာပူသမ္မတ အက်စ်အာနာသန် သည် ထိုင်းဘုရင် ဘူမိဘောအဒူလျာ ဒက်ချ်နှင့် မိဖုရား ဆီရီကစ်တို့၏ တရားဝင် ဧည့်သည်တော်အဖြစ် လာ မည့် ရက်သတ္တပတ်တွင် ထိုင်းနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်မည် ဖြစ်ကြောင်း ထိုင်းသတင်းဌာန(တီအင် အေ)က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

နေထိုင်မည်

စင်ကာပူသမ္မတသည် ထိုင်း ဘုရင်နှင့် တွေ့ဆုံစဉ်အတွင်း တနင်္လာ နှင့် အင်္ဂါနေ့တွင် ထိုင်းမြို့တော် ဗန်ကောက်၌ နေထိုင်မည်ဖြစ်သည်။

သွားမည်

ယင်းနောက် သမ္မတ နာသန်နှင့် ၎င်း၏ဇနီးသည် ထိုင်းတော်ဝင် မိသားစု၏ စီမံကိန်းတစ်ရပ်ကို လေ့ လာရန် ထိုင်းနိုင်ငံမြောက်ပိုင်းသို့ သွားရောက်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ရှိ ဂျော်ဒန်နိုင်ငံမှ ယာဉ်မောင်းများ လုံခြုံမှုရှိစေရန် ဂျော်ဒန်အမတ်များ တိုက်တွန်း

အမ္မာန် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံတွင် အလုပ်လုပ်နေကြသော ဂျော်ဒန်နိုင်ငံမှ ယာဉ်မောင်း များ၏ လုံခြုံရေးနှင့်ပတ်သက်၍ အဖြေရှာမှုတစ်ရပ်ကို ရှာဖွေဆောင် ရွက်ကြရန် ဂျော်ဒန်ပါလီမန်အဖွဲ့ဝင်များက ဂျော်ဒန်အစိုးရကို တိုက်တွန်းတောင်းဆိုလိုက် ကြောင်း ဂျော်ဒန်တိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် သတင်းဖော်ပြသည်။

ဂျော်ဒန်နိုင်ငံတွင် အောက်လွှတ်တော်အစည်းအဝေးတစ်ရပ် ကျင်းပစဉ် ပါလီမန်အမတ်များဖြစ်သော သာဟာဖာဝတ်ဇ်နှင့် အာဝတ်ဒ်သီရာဘက်တို့က စစ်မက်ဖြစ်ပွားနေသော အီရတ်နိုင်ငံ၌ မကြာမီက ဂျော်ဒန်နိုင်ငံမှ ယာဉ်မောင်း တစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဆောင်ရွက်ပေးသင့်

ဂျော်ဒန်အစိုးရအနေဖြင့် ဂျော်ဒန်–အီရတ် နယ်စပ်တွင် ကုန်ပစ္စည်း များ ထားရှိရန် စခန်းတစ်ခုကို ဆောင်ရွက်ပေးသင့်ကြောင်း ဂျော်ဒန် ယာဉ် မောင်းများအတွက် ပိုမိုသင့်လျော်မည်ဖြစ်ကြောင်းလည်း ဖာဝတ်ဇ်က ပြော ကြားသည်။

သေဆုံးခဲ့

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က ရာမာဒီမြို့၌ ပစ်ခတ်တိုက်ခိုက် ခဲ့ရမှုကြောင့် ဂျော်ဒန်နိုင်ငံမှ ယာဉ်မောင်းသုံးဦး သေဆုံးခဲ့ရကြောင်း ၎င်းတို့မှာ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအတွက် ကုန်ပစ္စည်းများ သယ်ဆောင် ပို့ပေးနေကြသူများဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မိုဆူးလ်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ် ၂၇ နေ ဒေါ်သန်းကြည် သားသမီး မြေးမြစ်တစ်စုက ငွေကျပ်သုံးသိန်းကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုသည်။

အခမ်းအနားသို့ စေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ စေတီတော် ပုံစံရေးဆွဲထုတ်လုပ်ရေး ကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြံပေးအရာရှိ ဦးအောင်ဆန်း၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စနစ်တကျဆောင်ရွက်

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဗဟို ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုစေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ခေါ်ယူရခြင်းသည် စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံ သည့်လုပ်ငန်းများ ပြီးသလောက် ဖြစ်နေသည့်အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေ၊ ထွက်ငွေစာရင်းနှင့် စေတီတော်ကြီး၏ ဝင်ငွေ၊ ထွက်ငွေစာရင်းများကို ရှင်းလင်းသိရှိနိုင်ရန် ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း၊ စေတီတော်ကြီး ဘက်စုံပြုပြင်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ စေတီတော် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနိက အဆောက်အအုံများ ယခင်ကထက် ပိုမို သပ္ပာယ်လာကြောင်းကို ဘုရားဖူး ပြည်သူများထံမှ ကြားသိရ၍ ဝမ်းမြောက်ကြည်နူးရကြောင်း၊ ရွှေဘုန်းပွင့်စေတီတော်ကြီးသည် မြို့နယ်ဂုဏ်ဆောင် သမိုင်းဝင် စေတီတော်ဖြစ်၍ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူ အားလုံးက စေတီတော်ကြီး ကြည်ညို သပ္ပာယ်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ စေတီတော်ကြီး၏ အလှူငွေမှာ လစဉ် တိုးတက်ရရှိသဖြင့် စာရင်းဇယားဖြင့် စနစ်တကျ ထိန်းသိမ်းကြစေလိုကြောင်း၊ သို့မှသာ စေတီတော်ကြီးအတွက် လိုအပ်သည့်နေရာတွင် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ဝင်ငွေ၊ ထွက်ငွေ စာရင်းများကိုလည်း စာရင်းကိုင်များနှင့် လစဉ်ပုံမှန် စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ပုံစံရေးဆွဲ ထုတ်လုပ်ရေး ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အကြံပေးအရာရှိ ဦးအောင်ဆန်းက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဝင်ငွေ၊ ထွက်ငွေစာရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ် မြို့နယ် ပန်းဝါလမ်း အမှတ်၂၇နေ ဒေါ်သန်းကြည် သား၊ သမီး၊ မြေးမြစ်တစ်စုက ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းပြီး စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို **'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု'** သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် စေတီတော် ပရဝဏ်အတွင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြပြီး ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ သာသနိက အဆောက်အအုံများကို ပိုမိုကြည်ညိုသပ္ပာယ်အောင် ဆေးသုတ်မွမ်းမံခြင်း များပြုလုပ်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေမြို့နယ် ပညာရေးဌာနတို့ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ရုပ်ထိုးပြပွဲကို တာမွေမြို့နယ် အမှတ် (၂၆) အခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ၁၂ရက်က ကျင်းပသည်။

ပြပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကော်မတီဝင် ဒေါ်စမ်းယဉ်တင့်နှင့် အသင်းသားများက မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး လက်ထိုးရုပ်ကို သရုပ်ပြသကြသည်။

အဆိုပါမူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ထိုးရုပ်ပြပွဲကို ဖေဖော်ဝါရီ၁ရက်အထိ တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းပေါင်း ၃၀ ၌ လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၃ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ် (၈) အခြေခံပညာ မူလတန်း ကျောင်း တွင် ဦးကျော်ဆန်း– ဒေါ်မြင့်မြင့်ခိုင်တို့၏သား မောင်စိုးကျော်ထက်၏ (၈)နှစ်မြောက်မွေးနေ့ အလှူအဖြစ် ကျောင်းသားကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (က–ပ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ICT Week 2005 တွင် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ICT Park ၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Week တွင် ၁။ Programming (Intermediate /Advanced)၊ ၂။ Web Development (Intermediate /Advanced) နှင့် ၃။ Network Game (Professional/Amateur) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အမှတ်စဉ် ၁ နှင့် ၂ ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း–၆၅၂၂၇၆ သို့ ဇန်နဝါရီ ၁၉ရက် နောက်ဆုံးထား၍လည်းကောင်း၊ အမှတ်စဉ် ၃ ပြိုင်ပွဲအတွက် (Blastar, Net Zone, Xclaimz, Cyber Knight) Game Centre များသို့ ဆက်သွယ်၍ ဇန်နဝါရီ၂၁ရက် ညနေ၅နာရီ နောက်ဆုံးထား၍ လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁–၁–၂၀၀၅) ရက်မှ (၂၇–၁–၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ICT Park ၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Week 2005 တွင် ပြည်တွင်း၊ ပြည်ပ ကွန်ပျူတာပညာရှင်များ၏ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့တက်ရောက်နိုင်ပြီး အသေးစိတ်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း–၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ခရိုင်၊ မြို့နယ် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၄/၂၀၀၄) ဆင်းပွဲကို ဒီဇင်ဘာ၂၄ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ရဲထွဋ် တက်ရောက် သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင်နှင့် ဦးစီးအရာရှိ ဦးမျိုးညီညီတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(က–ပ)**

✻ *ကျောဖုံးမှ*

ဌာနဆိုင်ရာ အကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

လိုက်လံရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက ဓာတ်ငွေ့သိုလှောင်ပုံနည်းစနစ်၊ ဖိအားမြှင့်စက် (Compressor)၏ စွမ်းဆောင်ချက်များ၊ ဓာတ်ငွေ့ဖြည့်စက် (Dispenser) ၏ ဓာတ်ငွေ့ဖြည့်သွင်းပေးမှုနှင့် ဓာတ်ငွေ့ဖိုးကျသင့်ငွေတွက်ချက်ပေးစက်၏ တန်ဖိုးငွေတွက်ချက်ပေးမှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သည် ရန်ကုန်မြို့တွင် စတင်အသုံးပြုမည့် NGV မော်တော်ယာဉ်များအတွက် ဒုတိယအကြိမ်ဖွင့်လှစ်သည့် အရောင်းဆိုင်ဖြစ်သည်။

အဆိုပါဆိုင်မှတစ်နေ့လျှင် NGVကားစီးရေ ၃၀၀ ခန့်ကို CNG ရောင်းချပေးနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် မော်တော်ယာဉ်လေးစီးကို တစ်ပြိုင်တည်း CNG ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့၏ ရောင်းဈေးမှာ ဓာတ်ဆီတစ်ဂါလန်နှင့်အညီ မောင်းနှင်နိုင်မည့် သဘာဝဓာတ်ငွေ့ ၁၆၅ ကုဗပေကို ကျပ် ၁၀၀ ဖြစ်ပြီး ရန်ကုန်မြို့၌ နောက်ထပ် CNG အရောင်းဆိုင်များကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

ဇန်နဝါရီ ၇ ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယနှစ်ပတ်လည်အစည်းအဝေးကို မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝိဇ္ဇာလင်္ကာရ မန္တလေးပရိယတ္တိစာသင်တိုက်၌ ကျင်းပစဉ်။ (က–ပ)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၀၄)(ကျိုက္ကလို့) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၄) (ကျိုက္ကလို့)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည်၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁၂ ရက် (၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်) သောကြာနေ့သည် အီဒွလ်အသွာဟာ (ဘက္ကရီးအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ(၂၅)အရအများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ အသက် ၇၅နှစ်နှင့် အထက် အဘိုးအဘွားစာရင်း၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများစာရင်းကို ဦးဘစော(နာယက) ဖုန်း–၂၀၁၄၆၈၊ ဦးသိန်းအောင်(ဥက္ကဋ္ဌ) ဖုန်း–၅၇၇၇၀၂၊ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်/စည်ပင်ဝန်ကြီးရုံး) ဖုန်း–၂၄၀၈၇၇ တို့သို့ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ အမှတ်စာရင်းနှင့်တကွ ပေးပို့ကြရန်နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

အမျိုးသားစာပေဆုရ စာရေးဆရာများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး(ကလေးစာပေဆု)၊ ကြူကြူသင်း(ပြဇာတ်စာပေဆု)၊ စလင်းဘုန်းကျော်(ကဗျာဆု)တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲတစ်ရပ်ကို အလုံမြို့နယ်ခန်းမ၌ ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီမှ ၉ နာရီအထိကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာရေးဆရာ စာရေးဆရာမကြီးများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် စာရေးဆရာ ကဗျာဆရာ သူရဇော်တို့က ဂုဏ်ပြုချီးကျူးစကားပြောကြားကြပြီး ခင်မင်ရင်းနှီးသူ စာရေးဆရာများက ဆုရသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ ထို့နောက် ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံပြီး စာရေးဆရာ စာရေးဆရာမများ ဦးစီးသော နိုင်ငံ့ဂုဏ်ရည်တေးဂီတအဖွဲ့က စန္ဒရားမောင်ခင်လှ၊ စန္ဒရားဘသန်းတင်တို့နှင့်တွဲဖက်ကာ မြန်မာမှုတေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✡ **ရွှေဖုံးမှ**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ သြဝါဒအမှာစကား မိန့်ကြားရာတွင် **“မိမိနိုင်ငံရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံးကို စနစ်တကျ လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်ရဲ့ ပင်မကျတဲ့ လိုအပ်ချက်တွေကို သိရှိနိုင်တယ်။ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည်သဘောပေါက်ပြီး နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ ကိုယ်တိုင်ကိုယ်ကျ အပြုသဘောပါဝင်ဆောင်ရွက်ခြင်းဟာ အမျိုးသားရေးတာဝန် ကျေပွန်မှုဖြစ်တယ်။ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်တဲ့ နိုင်ငံသားတွေဟာ နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအားပင်ဖြစ်တယ်။ နိုင်ငံသားတိုင်းမှာရှိနေရမယ့် အဲဒီအရည်အသွေးဟာ နိုင်ငံကလိုအပ်တဲ့ စွမ်းရည်စွမ်းအားဖြစ်တယ်”**ဟု ထည့်သွင်း မိန့်ကြားခဲ့ကြောင်း။

‘အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခေါက်ဖြာ’ ဆိုတဲ့ ဂုဏ်ပုဒ်များနှင့် ဆီလျော်ညီညွတ်စေရန် အမျိုးသားပညာရေး မြှင့်တင်မှုအစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးပြီး အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ ပေါ်ထွန်းလာလျက်ရှိနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် ယနေ့ ကျောင်းသူ ကျောင်းသားများ၏ ပညာကိုလိုလားမှု၊ တက်ကြွစွာ သင်ယူလေ့လာမှု၊ အသိပညာ နည်းပညာသစ်များကို အာသီသဆန္ဒ ထက်သန်ပြင်းပြစွာ ရှာဖွေလေ့လာမှု၊ ဘက်စုံလေ့လာအားထုတ်မှုများသည်လည်း မည်သည့်ခေတ်ကာလနှင့်မျှမတူအောင် အလွန်အားကောင်းစွာ ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

စည်းရုံးပျိုးထောင်

ယနေ့အချိန်အခါကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ပေါ်နေသည့် Globalization အချိန်အခါမျိုးတွင် မျိုးဆက်သစ် လူငယ်များအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက်ဖြစ်ပေါ်မှုများ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအရင်းခံပြီး တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးကို ထူထောင်လာခဲ့ကြသည့် အစဉ်အလာကောင်း၊ အမွေခံကောင်းများနှင့်အညီ နောင်အနာဂတ်ကာလတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် သံယောဇဉ်ကြိုးဖြင့် စုစည်းနှောင်ဖွဲ့ထားသည့် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြရမည်ပင် ဖြစ်ကြောင်း။

ဤအမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ စုစည်းခိုင်မာပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပလျက်ရှိရာတွင် ပထမအဆင့်လုပ်ငန်းစဉ်များ အောင်မြင် ပြီးမြောက်ခဲ့ပြီးဖြစ်သည့်အပြင် မကြာမီသော ရက်များအတွင်း အမျိုးသားညီလာခံကြီး၏ ဒုတိယအဆင့်လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း။

မျိုးဆက်သစ် အသိပညာရှင်၊အတတ်ပညာရှင်များ ဘက်စုံကဏ္ဍစုံစဉ်ဆက်မပြတ် တိုးတက်ပေါ်ထွန်းရေး အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာကဏ္ဍက ဟန်ချက်ညီညီ အချိတ်အဆက်မိမိ စနစ်တကျစီမံဆောင်ရွက် အမျိုးသားရေးစွမ်းအားများ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာအောင်ပညာရေးကဏ္ဍကဖြည့်ဆည်းပေးရမည့် အမျိုးသားရေးတာဝန်ဖြစ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဆရာ ဆရာမများအနေဖြင့် ယခုအထူးမွမ်းမံသင်တန်းကာလတစ်လျှောက်တွင် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြသွားမည့် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းကို အခြေခံပြီး အနာဂတ်ကာလအတွက် မျှော်မှန်းထားသည့် အမျိုးသားရေး ဦးတည်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့် လက်ငင်းလိုအပ်ချက်များ၊ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် ဆရာ ဆရာမများဘက်က ဖြည့်ဆည်းစွမ်းဆောင်ပေးရမည့် အမျိုးသားရေးတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်သုံးသပ်နိုင်သည်နှင့်အမျှ ဆရာ ဆရာမများ၏ စိတ်ဓာတ်ရေးရာ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ နိုင်ငံတော်အစိုးရက အလေးထား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး အစီအမံများသည်လည်း အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရင်ပေါင်တန်းရပ်တည်နိုင်စေရန်အတွက် တည်ဆောက်ကာကွယ်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ နည်းပညာ တိုးတက်ဖြစ်ထွန်းမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးသားရေးစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အထူးလိုအပ်လျက်ရှိကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် ယနေ့အချိန်အခါကဲ့သို့ ပညာရေးကဏ္ဍက ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးပိုင်းဖြတ်နေသည့် ခေတ်ကာလတွင် နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးအတွက် ပဓာနကျသည့် အမျိုးသားရေးစွမ်းအားများ အသီးသီးအသက ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် စနစ်တကျ ဖြည့်ဆည်းပေးရေးသည် ပညာရေးကဏ္ဍက အရေးတကြီးဖြည့်ဆည်းပေးကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော် စွမ်းဆောင်ပေးနိုင်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများနှင့်တစ်ပြေးညီ မိမိနိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားစေရန် ဤပညာရပ်များကို အမျိုးသားရေး အကျိုးစီးပွားအတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်နှင့်မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အခြေအနေ အချိန်အခါမရွေး ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးအသိအမြင် ကြည်လင်ထက်သန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် တိုးတက်ပေါ်ထွန်းနေစေရန်အတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပေါင်းစပ်ပြီး စနစ်တကျ စီမံကြိုးပမ်း ဆောင်ရွက်လျက်ရှိသဖြင့် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများလည်း စတင် တွေ့မြင်ခံစားနေရပြီဖြစ်ကြောင်း။

မည်သည့်ခေတ်ကာလနှင့်မျှမတူ

ဤသို့ နိုင်ငံတော်အစိုးရအနေဖြင့် ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လှသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံကြီး တစ်ခုလုံးကို တတ်သိကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် မျက်ခြည်မပြတ်စေရန် လိုအပ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ အားကျနေမည့်အစား မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဖီလာဆန့်ကျင်သည့်အပြင် လွတ်လပ်မှုလွန်ကဲပြီး ဟီရိသြတ္တပ္ပတရားကင်းမဲ့သော တိုင်းတစ်ပါးအမူအကျင့်ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေး အမြင်ဖြင့် မှန်ကန်စွာရှုမြင်သုံးသပ် ရှောင်ရှားနိုင်စေရန်လည်း အရေးကြီးသည့်အတွက် ယနေ့မျိုးဆက်သစ် လူငယ်များကို တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားနေစေရအောင် ယခုလူငယ်ဘဝကပင် ဆရာ ဆရာမများက စေ့ဆော်စည်းရုံး ပျိုးထောင်ပေးထားရန် အထူးလိုအပ်နေပြီဟု ပြောကြားလိုကြောင်း။

အထူးသဖြင့် ယနေ့အချိန်အခါတွင် မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးကို မှီခိုအားထား သြဇာခံလာစေရန်ဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်မှုများကို အစဉ်တစိုက်ပြုလုပ်လျက်ရှိနေကြသည်ကို ဆရာ ဆရာမတို့ ကိုယ်တိုင်တွေ့မြင်ကြားသိနေကြမည်ဖြစ်ကြောင်း။

ထိန်းသိမ်းကာကွယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နှစ်ပေါင်းရာ၊ ထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားလူမျိုးများအားလုံး၏ ရင်ထဲ နှလုံးသားထဲတွင် ကိန်းအောင်းပေါက်ဖွားလာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

လေ့ကျင့်ပေး

ထို့ကြောင့် တိကျခိုင်မာသည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြင့် ပြည့်စုံခိုင်မာသော အနာဂတ်နိုင်ငံတော်သစ်ကြီးကို စနစ်တကျတစ်ဆင့်ချင်း ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးနှင့် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးတို့အတွက် ဆရာ ဆရာမများအားလုံးက မိမိတို့ကျရာကဏ္ဍက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ရင်း မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေး အသိအမြင်နိုးကြားထက်သန်ပြီး ထက်မြက်မြင့်မားသည့် ပညာရည်စွမ်းပကားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကိုဖော်ဆောင်မြှင့်တင်ပေးနိုင်သည့် စွမ်းဆောင်ရည်နှင့်ပြည့်စုံစေရအောင် ပညာရေးကဏ္ဍကနေ လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့်စိတ်ဓာတ် ရှင်သန်နိုးကြားနေစေရေး လူငယ်ဘဝကပင် ဆရာဆရာမများက စေ့ဆော်စည်းရုံးပျိုးထောင်

- ❒ **ယနေ့အချိန်အခါကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ပေါ်နေသည့် Globalization အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ပေါ်မှုများ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ တတ်သိကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် မျက်ခြည်မပြတ်စေရန် လိုအပ်၊**
- ❒ **နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ အားကျနေမည့်အစား မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဖီလာဆန့်ကျင်သည့်အပြင် လွတ်လပ်မှုလွန်ကဲပြီး ဟီရိသြတ္တပ္ပတရားကင်းမဲ့သော တိုင်းတစ်ပါးအမူအကျင့်ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေးအမြင်ဖြင့် မှန်ကန်စွာ ရှုမြင်သုံးသပ် ရှောင်ရှားနိုင်စေရန်လည်း အရေးကြီး၊**
- ❒ **ယနေ့မျိုးဆက်သစ် လူငယ်များကို တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားနေစေရအောင် ယခုလူငယ်ဘဝကပင် ဆရာဆရာမများက စေ့ဆော်စည်းရုံး ပျိုးထောင်ပေးထားရန် အထူးလိုအပ်နေပြီ။**

❒ *ကျောဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်ဝင်ငွေ ရှာဖွေပေးနေသည့် ဝန်ကြီးဌာနများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖြစ်တည်နေသည့် မြေပေါ်မြေအောက်သယံဇာတများစွာကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်သည်နှင့်အမျှ နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍစသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန်သတ္တုများ၊ ရွှေငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား စသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီ နည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အလေးဂရုပြု

ကျောက်မျက်ရတနာနှင့် သတ္တုတူးဖော်ရာတွင်လည်း နိုင်ငံတော်၏ သဘာဝသစ်တော မပျက်ယွင်းစေရေးနှင့် မြစ်၊ချောင်းများ တိမ်ကောပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သွားရေးကိုလည်း အလေးဂရုပြု ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် အဖိုးတန်ကျောက်မျက်ရတနာများထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ နိုင်ငံတကာ အသိအမှတ်ပြု ကျောက်မျက်ရတနာ ဈေးကွက် ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ခိုင်မာဖြစ်ထွန်းလာစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

သတ္တုနှင့် ကျောက်မျက်ရတနာများ တူးဖော်၊ ထုတ်လုပ်၊ ရောင်းဝယ်ခြင်းလုပ်ငန်းများတွင်လည်း မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ စနစ်တကျ ဖြစ်ထွန်းစေလျက် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မြင့်မားရေး အထောက်အကူဖြစ်စေရန် ဖွဲ့စည်းပေးထားသော ကော်မတီအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် တိုးတက်မှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးတူ ကျောက်မျက်ရတနာလုပ်ငန်းများအခြေအနေတို့ကို ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီ၏ အရေးယူဆောင်ရွက်မှုအခြေအနေ၊ ကျောက်မျက်ရတနာ နယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၏ အခြေအနေတို့နှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း ကျောက်မျက်လုပ်ကွက်များကို တူးဖော်ခွင့်ပြုနေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကိုမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မြင့်သည် ကျောက်တံတားမီးသတ်ဇုန်နယ်မြေမှူး ဦးလှမြင့်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်ဦးတို့နှင့်အတူ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ သိမ်ကြီးဈေး(ဂ)ရုံ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ယမန်နေ့နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက ဈေးရုံအတွင်း လိုက်လံပြသရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူးက စားသောက်ဆိုင်များ မီးသုံးစွဲမှု၊ အရောင်းပြခန်းများနှင့် မီးဘေးစိုးရိမ်ရသောနေရာများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ ၂၀၀၅ ခုနှစ် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထ-ပ-ဆ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို တပ်မတော်(လေ)၊ တပ်မတော်(ရေ)၊ တိုင်းစစ်ဌာနချုပ်များ၊ တပ်မဌာနချုပ်များ၊ စစ်ကြောင်းကြီးများပါဝင်လျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ မှော်ဘီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူ ကျောင်းသားလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်း၊ စစ်တက္ကသိုလ် ကိုယ်စားပြုစစ်တီးဝိုင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)နှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းများယှဉ်ပြိုင်ကြသည်။

သရုပ်ဖော်ပြကွက်

ထိုသို့ယှဉ်ပြိုင်ရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်းက ရွှေတောင်ပံ၊ မျိုးချစ်ဇာနည်၊ ဒို့တပ်မတော်သားစစ်ချီတေးများဖြင့်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့်ဒို့တပ်မတော်၊ ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ဒို့စစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း၊ စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့်ဒို့တပ်မတော်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က တပ်မတော်၊ မျိုးချစ်ဇာနည်၊ တူယှဉ်ကာတိုက်စို့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ ဖန်နေဝန်းစစ်ချီတေးများဖြင့်လည်းကောင်းသရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြတီးမှုတ်ဖျော်ဖြေကြသည့် မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ ရေ၊လေ) အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၈း၀၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
	–	ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(နည်းပညာပြခန်းများကို နံနက်၉နာရီမှ ညနေ၅နာရီအထိအခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း ဒုတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း ဒုတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေယာဉ်မှူးကြီးများ၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းဝင် အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိန် **(ယာပုံ)**က အမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အလုပ်အမှုဆောင် အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းကြပြီး အသင်းသားများက အတည်ပြုကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရောဝတီတိုင်း ကျုံမငေးမြို့မှ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးစံပွား - ဒေါ်ကောက်နှင့် ဦးဌွေးတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှ ဒေါ်တင်စိန် သားသမီးမြေးတစ်စု တို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းကိုနှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အငြိမ်းစားတို့ စကားဝိုင်း (၃)

မကြာမီက သူငယ်ချင်းတစ်ယောက်၏အိမ်တွင် အရဏ်ဆွမ်းကပ်လှူရာ ကျွန်တော်တို့ မိတ်ဆွေတစ်သိုက်ကို အထူးဖိတ် ကြားထားသည့်အတွက် သွားရမည့်နေရာမှာ အတော်အသင့် လှမ်းသောနေရာ ဖြစ်သော်လဲ နံနက်ပိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်ဖြစ်အောင် ခြေကျင်လျှောက်သွားခဲ့ပါသည်။

ထိုသို့ လမ်းလျှောက်သွားရင်း မကြာမီက ရုပ်သံသတင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က မသမာသူ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်းပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသ အချို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ခြင်းနှင့်ဆက်စပ်ပြီး စဉ်းစားတွေးတောနေမိပါသည်။

အလှူရှင်သူငယ်ချင်း၏ အိမ်သို့အရောက်တွင်မူ မိတ်ဆွေများအားလုံးရောက်နေကြပြီမို့ ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် စားသောက်ရင်း စကားဝိုင်း ဖွဲ့မိကြပြန်ပါသည်။

'ဒီနေ့ ကြေးမုံသတင်းစာ မျက်နှာဖုံးမှာ လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ဖော်ပြထားတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အဆိုအမိန့်တစ်ခုမှာ **'လွတ်လပ်ရေးဆုံးရှုံးခြင်းမှာ ရက်သတ္တပတ်နှစ်ပတ်အတွင်း အရေးနိမ့်သွားရာက စခဲ့သော်လဲ ဆုံးရှုံးသွားသည့်လွတ်လပ်ရေး ပြန်လည်ရရှိဖို့ရာအတွက် အနှစ်၁၀၀ကျော် တော်လှန်ခဲ့ရတယ်'**လို့ ပါတယ်'

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ကလဲ **'လွတ်လပ်ရေးဆိုတာ အမှုမဲ့အမှတ်မဲ့နေရင် ဖျတ်ခနဲ ဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုကိုခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမယ့် ပြန်ရဖို့ ကြိုးစားမယ်ဆိုရင်တော့ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုး ဖြစ်တယ်'**လို့ ပါတယ်လေ။

'ဒါတွေဟာ သမိုင်းကြောင်းအဖြစ်မှန်ကနေ ဖော်ထုတ်ထားတဲ့ အဆိုအမိန့်တွေဖြစ်လို့ တိုင်းရင်းသားပြည်သူများအားလုံး အစဉ်သတိပြုကြဖို့ လိုတာအမှန်ပဲ။ အထူးသဖြင့် ပြည်ပအားကိုး ပုဆိန်ရိုး ကိုယ့်ကျိုးကြည့်သမားတွေ၊ နိုင်ငံနဲ့ လူမျိုး ကောင်းကျိုးအတွက် လုပ်ဆောင်နေတာပါလို့ နှုတ်ကတဖွဖွဆိုနေကြတဲ့ နိုင်ငံရေး ပါတီတွေ၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေ အသိတရားနဲ့ ဆင်ခြင်ကြဖို့ လိုပါတယ်'

'ရှေးခေတ်က ကျွန်ပြုတယ်ဆိုတာ နယ်ချဲ့က ကျူးကျော်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက် ပြီးမှ ကျွန်ပြုတာ။ အခု ကမ္ဘာက ဒါကို လက်သင့်မခံတော့ ကြိုးဆွဲသလို လိုက်ကမယ့် သြဇာခံတပည့်ကို အာဏာရအောင်လုပ်၊ ရုပ်သေးအစိုးရအဖြစ်တင်ပြီး နိုင်ငံကို ကျွန်ပြုတဲ့စနစ်ကို သုံးလာကြတယ်'

'အီရတ်ကထွက်တဲ့ ရေနံကို လက်ဝါးကြီးအုပ်လိုချင်တော့ အဖျက်စွမ်းအားကြီးလက်နက် ရှိတယ်လို့ လိမ်ညာစွပ်စွဲအကြောင်းပြ တိုက်ခိုက်ခဲ့ပြီး အခု ရုပ်သေးအစိုးရတက်လာအောင် ကြံဆောင်နေတာအမြင်ပဲလေ။ ကြည့်တတ်သူတွေ အတွက်တော့ ထင်ထင်ရှားရှားပဲ မြင်နိုင်တယ်'

'အီရတ်က အပြစ်မဲ့ပြည်သူတွေ ဒုက္ခပင်လယ်မှာ နစ်မွန်းနေကြရတာ နေ့စဉ်နဲ့အမျှဆိုတော့ စာနာစရာပဲကွာ။ စစ်မီးကြားထဲမှာ မလုပ်သာ၊ မတိမ်းသာ၊ မရှောင်သာနဲ့ ကလေးလူကြီးပါမကျန် ဒုက္ခကြုံနေကြရတာ။ ဒါကို တို့ပြည်သူတွေ သတိပြု သင်ခန်းစာယူကြရမယ်လေ'

'တို့နိုင်ငံအပေါ်လဲ အကြောင်းအမျိုးမျိုးပြ၊ လုပ်ကြံဝါဒဖြန့် စွပ်စွဲ၊ အဖျက်သမားတွေကို ကူညီပံ့ပိုးမြှောက်ပေး၊ စီးပွားရေးပိတ်ပင်မှုတွေလုပ်နဲ့ တစ်ဖက်သတ်ထင်သလို ကြံနေတာပဲလေ။ အမှန်ကတော့ သြဇာခံတပည့်လုပ်မယ့်သူ၊ အာဏာရဖို့ ရုပ်သေးအစိုးရတင်ပြီး သူ့နိုင်ငံအကျိုးအတွက် အမြတ်ထုတ်ဖို့ပဲလေ'

'ဒါကို ကိုယ်ကျိုးရှာသူတွေ၊ လူမျိုးရေးအမြင်ကျဉ်းမြောင်းသူတွေ၊ အာဏာရူးနေသူတွေက နိုင်ငံအကျိုးမကြည့်ဘဲ တပည့်ခံ၊ အကူအညီတောင်း၊ နိုင်ငံတော်နဲ့ ပြည်သူတွေ အကျပ်အတည်းနဲ့ ဆင်းရဲဒုက္ခတွေ့ကြုံရအောင် နိုင်ငံတကာက ခရီးသွားတွေ မလာကြပါနဲ့၊ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြပါနဲ့၊ အကူအညီတွေ မပေးကြပါနဲ့၊ စီးပွားရေးကို ပိတ်ဆို့ကြပါ စတဲ့ တောင်းဆိုမှုတွေလုပ်နဲ့ သူတို့ကို မြန်မာပါလို့တောင် ယုံရမှာ ခပ်ခက်ခက်ပဲဟ'

'ပြောတော့ ပြည်သူ့အကျိုးတဲ့ လုပ်နေတာကတော့ ပြည်သူတွေဒုက္ခမရောက်ရောက်အောင် ကြံစည်လုပ်ဆောင်နေကြတာတွေလေ။ ပြည်သူတွေ အကျပ်အတည်းဖြစ်ကြမှ နိုင်ငံတော်အစိုးရ ဘေးကျပ်နံကျပ် တွေ့မယ်ပေါ့ကွာ။ ရွှေဉာဏ်တော်ကတော့ တကယ်စူးရောက်လို့ သြချလောက်ပါပေတယ်'

'နိုင်ငံတော်ကောင်းဖို့ သူတို့အဆို ဒီမိုကရေစီရဖို့ နိုင်ငံရေးလုပ်နေတာဆိုပဲ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေရင်၊ ပြည်သူတွေချမ်းသာနေရင် သူတို့အတွက်နေရာမရနိုင်တော့မှာမို့ သူတို့လုပ်ရပ်အားလုံးက နိုင်ငံတော်မဖွံ့ဖြိုး မတိုးတက်ဖို့၊ ပြည်သူတွေ ဒုက္ခဆင်းရဲမှာ နစ်နစ်နေဖို့ကိုပဲ တစိုက်မတ်မတ် ပြောဆိုလုပ်ကိုင်နေကြတာပဲ တွေ့မြင်နေရတယ်'

'တကယ်တမ်း နိုင်ငံကိုချစ်တဲ့၊ လူမျိုးကိုချစ်တဲ့ နိုင်ငံရေးသမားကောင်းဆိုရင် နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးအတွက်ဆိုရင် မတားဆီး မပိတ်ပင်ဘဲနဲ့ သူတို့ကိုယ်တိုင်ကတောင် ရအောင်ပြောဆို လုပ်ကိုင်ပေးသင့်တာပေါ့။ အစိုးရကို မကြိုက်ရင် မကြိုက်သလို ပြောပေါ့ကွာ၊ ထောက်ပြပေါ့ကွာ၊ ဝေဖန်ပေါ့ကွာ။ ဘာလို့ နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွားကို ပိတ်ပင်တားဆီးရမှာလဲ'

'နိုင်ငံရေးကို ဇန်းပြ လုပ်ကိုင်စားသောက်နေကြပေမယ့် တကယ်တော့ မြန်မာလူမျိုးတွေရဲ့ စိတ်ရင်းအမှန်ကိုတောင် မသိတာ၊ နိုင်ငံကို ဘယ်လိုခေါင်းဆောင်မလဲဟ။ မြန်မာလူမျိုးဆိုတာ ကျေးဇူးပြန်ဆပ်ရမှာ ဝန်မလေးသူတွေ၊ ကိုယ့်အပေါ်ကောင်းတဲ့သူတွေကို နှစ်ဆပြန်ကောင်းတတ်တယ်ဆိုတာ သိဖို့တော့ ကောင်းပါတယ်'

'နိုင်ငံရေးကို တကယ်တမ်း စေတနာထားလုပ်တတ်သူတွေဆိုရင် နိုင်ငံအကျိုးအတွက် ဦးတည်ပြောဆို လုပ်ကိုင်ပေးကြမယ်၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးလာစေဖို့၊ သာယာဝပြောလာစေဖို့ အလေးထား လုပ်ပေးကြမယ်ဆိုရင် ပြည်သူတွေက ခေါင်းဆောင်အဖြစ် မလွှဲမသွေ ဝိုင်းဝန်းထောက်ခံပြီး ချစ်ခင်လေးစားကြမယ်ဆိုတာ သံသယရှိစရာ မလိုပါဘူးကွာ'

'ပိုပြီးဆိုးတာကတော့ မကြာမီက ရုပ်သံနဲ့ သတင်းစာမှာ ထုတ်လွှင့်ဖော်ပြခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ သတင်းမှာပါတဲ့ အပြစ်မဲ့ပြည်သူတွေကို သေဆုံး၊ဒဏ်ရာရအောင် ဗုံးဖောက်ခွဲ လုပ်ကြံမှုတွေပဲဟ'

'နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန်နဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ ပျက်ပြားစေရန် ရည်ရွယ်ပြီး လုပ်တဲ့အကြောင်း၊ အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို NCGUB၊ NLD(LA)၊ ABSDF စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်များအဖွဲ့နဲ့ အခြားအဖျက်သမားအဖွဲ့များ ပူးပေါင်းကြံစည်လုပ်ဆောင်ကြကြောင်း၊ ပြည်တွင်းရှိ အချို့သော နိုင်ငံရေးပါတီများအနေနဲ့ အကြမ်းဖက် အဖျက်သမားအဖွဲ့များနဲ့ ဆက်စပ်ပတ်သက်နေမှုတွေ၊ ဆက်သွယ်

ဟိန်းမြင့်

ဆက်ဆံနေမှုတွေ၊ ပူးပေါင်းလုပ်ဆောင်နေမှုတွေ ရှိနေတဲ့သတင်းတွေ ရရှိထားကြောင်းကို သက်သေအထောက်အထားတွေနဲ့ ရှင်းလင်းပြောပြသွားတာတွေ့ရတယ်'

'ဗိုလ်ချုပ်ဈေးပွဲတော် ကျင်းပနေတဲ့ နောက်ဆုံးရက် လူအစည်ကားဆုံးနေ့မှာ ဈေးအနီးက ဇော်ဂျီစားသောက်ဆိုင်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကတော့ ကံကောင်းလွန်းလို့ ဆိုင်ဝန်ထမ်းတစ်ယောက်ပဲ အနည်းငယ် ဒဏ်ရာရသွားတာလေ။ ဒါပေမယ့် ဈေးပွဲတော်ကို လုံခြုံရေးအရ ချက်ချင်းပိတ်လိုက်ရလို့ ရောင်းသူရော၊ ဝယ်သူတွေပါ တော်တော်လေးစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ရတာ တွေ့လိုက်ရတယ်'

'အဲဒီ ဗုံးပေါက်ကွဲမှုကိုတောင် အဖျက်သမား အလိုတော်ရိတွေက မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုဝါဒဖြန့်မှုတွေကို ပြည်ပအသံလွှင့်ဌာနတွေနဲ့ ပူးပေါင်းစည်းဝါးကိုက်ပြီး ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြသေးဆိုပဲ'

'သူခိုးက လူလူဟစ်တယ်ဆိုတာ ဒါပဲပေါ့ကွာ။ ပြည်သူတွေဘေးတွေ့မှ၊ ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်ရမှ စားဝင်အိပ်ပျော်တယ်ဆိုတဲ့ လူမသမာတွေပဲလေ'

'စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်များအဖွဲ့က ဗိုလ်ချုပ်ဈေးနားက ဗုံးပေါက်ကွဲမှုဟာ သူတို့လက်ချက်ပါလို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့တယ်လို့ AFP သတင်းက ဖော်ပြခဲ့တယ် မဟုတ်လား'

'ဟုတ်ပါ့၊ အဲဒီအဖွဲ့ဟာ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က ထိုင်းနိုင်ငံဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးကိုဝင်စီးခဲ့တဲ့ အကြမ်းဖက်သမားတွေပဲလေ။ ပြန်လည်ခေါင်းထောင် ပေါ်ထွက်လာတယ်လို့ ဆိုရမှာပဲ'

တရားဝင်နိုင်ငံရေးပါတီ အချို့ကတော့ အဲဒီအဖျက်သမားကို နိုင်ငံရေးအကျဉ်းသားတစ်ယောက်အဖြစ် စာရင်းထပ်ဖြည့်ပြီး နိုင်ငံရေးအကျဉ်းသားတွေ အားလုံး လွှတ်ပေးဆိုပြီး ရောကောသောကောနဲ့ လုပ်ကြံတောင်းဆိုကြဦးမှာ အမှန်ပဲ'

'ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရတာ ခက်ခဲပေမယ့် အဖျက်အဆီး လုပ်ရတာက လွယ်တယ်မဟုတ်လားကွာ။ အဖျက်သမားကတော့ အမြဲတမ်း အခွင့်ကောင်းကိုရှာလို့ အဖျက်အမှောင့်လုပ်နေမှာပဲ၊ နိုင်ငံနဲ့အစိုးရကို သိက္ခာချနေမှာပဲ။ ဒါကို ပြည်သူတွေ သတိရှိကြဖို့လိုမယ်'

ယခုလို လွတ်လပ်ရေးနေ့နဲ့ ဆက်စပ်ပြီး ခေတ်သစ်ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ လုပ်ရပ်များ၊ နိုင်ငံမတည်မငြိမ်ဖြစ်အောင်နဲ့ ဘေးကျပ်နံကျပ်ဖြစ်အောင် ဝိုင်းဝန်းလုပ်ကြံနေမှုများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသည့် လုပ်ရပ်များနှင့်ပတ်သက်၍ စကားဝိုင်းဖွဲ့ခဲ့ကြပြီးနောက် ဗကပလက်ကျန်အဖွဲ့က ရဟန်းရှင်လူ ပြည်သူများအတွင်းပစ်မှတ်၊ ပရိသတ်အုပ်စုခွဲကာ သွေးထိုးလှုံ့ဆော်ခဲ့မှုနှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။

'ဗကပ လက်ကျန်တွေကလဲ တစ်မျိုးထလာပြန်ပါလား'

'ငြိမ်းခါနီး ထတောက်တဲ့ မီးပါကွာ၊ တောထဲမှာ အချင်းချင်းလည်မျိုကို ဝါးရင်းတုတ်နဲ့ ရိုက်သတ်ခဲ့ကြတာတို့၊ ဆင်စွယ်ရွာ တစ်ရွာလုံးကို သတ်ဖြတ်ခဲ့ကြတာတို့၊ ဘာသာ သာသနာနဲ့ လူ့ယဉ်ကျေးမှုတွေကို ဖျက်ဆီးချိုးဖောက်ခဲ့ကြတာတို့ကို ပြောမယ်ဆိုရင် ကမ်းကုန်အောင် မိုက်ခဲ့ကြတဲ့သူတွေလို့ ဆိုရမှာပါ'

'ဒါပေမယ့် ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်တာ၊ ဝါးလုံးကို ဝါးခြမ်းဖြစ်အောင် ပြောနိုင်တာတွေကိုတော့ သတိထားရမယ်ဟ။ ၈၈ခုနှစ် အရေးအခင်းတုန်းက လူပုံအလယ်မှာ အပြစ်မဲ့ပြည်သူအချို့ကို ခေါင်းဖြတ်သတ်ခဲ့ကြတာ အမြင်ပဲမဟုတ်လား'

'မိုက်ကန်းတဲ့နေရာမှာ ကမ်းကုန်ပါပဲကွာ'

ထိုသို့ ဗကပများအကြောင်း တစေ့တစောင်း ဆွေးနွေးပြောဆိုခဲ့ကြပြီးနောက်နိုင်ငံရေး ဦးတည်ချက် (၄)ရပ်နဲ့ Road Map အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြပြန်ပါသည်။

'နိုင်ငံတစ်နိုင်ငံကို တိုးတက်ဖို့ တည်ဆောက်တဲ့နေရာမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖြစ်တယ်ဆိုတာ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမှာ သာဓကတွေ အထင်အရှားပဲ မဟုတ်လား'

'အေးလေ၊ အရင်ခေတ်က နိုင်ငံတော်က တည်ဆောက်၊ သောင်းကျန်းသူက ဖျက်ဆီးပစ်၊ အာဏာရှိ နိုင်ငံရေးပါတီအတွင်း အကွဲအပြဲတွေဖြစ်ခဲ့လို့ တို့နိုင်ငံ အခက်ကြုံခဲ့ရဖူးတယ်'

'အခုလဲ ပြည်တွင်းပြည်ပ အဖျက်သမားတို့ရဲ့ အန္တရာယ်နဲ့ ပြည်ပနိုင်ငံကြီးအချို့က အမျိုးစုံဖိအားပေး၊ စီးပွားရေးပိတ်ဆို့၊ မီဒီယာအသာစီးရရှိမှုကို အသုံးချ ဝါဒဖြန့်လုပ်နေတဲ့ ကြားကနေ ခက်ခက်ခဲခဲ ကြိုးစားပြီးတည်ဆောက်ခဲ့ကြလို့ နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ ပါဝင်တဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဥပဒေစိုးမိုးမှုကို ရနေတယ်မဟုတ်လား'

'တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလဲ ဘယ်အစိုးရလက်ထက်ကမှ မစွမ်းဆောင်နိုင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်လာတာ၊ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာတာ အမြင်ပဲလေ'

'အခု နိုင်ငံတော် တည်ငြိမ်အေးချမ်းခဲ့လို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ တံတားတွေ၊ ဆည်တမံတွေ၊ လျှပ်စစ်

'တပ်မတော်အစိုးရ တက်လာကတည်းကသာ ဝိုင်းဝန်းကူညီကြမယ်၊ မကူညီချင်ရင်နေ မနှောင့်ယှက်ဘဲ နေကြမယ်ဆိုရင် ငါတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးလောက်ပြီ။ ရွေးကောက်ပွဲ ကျင်းပပြီး အစိုးရသစ်ကို လွှဲပြောင်းပေးပြီးလောက်ပြီ။ နိုင်ငံလဲ ဒီမိုကရေစီ နိုင်ငံအဖြစ် အရှိန်ကောင်းကောင်းနဲ့ ဖြစ်ထွန်းနေလောက်ပြီ။ ပိုမိုဖွံ့ဖြိုးတိုးတက်နေလောက် ပါပြီကွာ'

'အမှန်တော့ကွာ အကြမ်းဖက်မှုကို ကမ္ဘာကလက်မခံတော့ဘူးဆိုတာ သိနေတော့ ပြည်တွင်းပြည်ပအဖျက်သမား အဖွဲ့အစည်းတွေက တမင်မွေးထုတ်ထားတဲ့ ၂၄ ဦးနဲ့ဖွဲ့ထားတဲ့ အမည်ခံအဖွဲ့ပါ။ သူတို့ရဲ့ မူလအဖွဲ့အစည်းအမည်နဲ့ အကြမ်းဖက်မှုလုပ်ရင် ပြဿနာရှိလာမှာမို့ အမည်ခံလုပ်ခိုင်းတဲ့အဖွဲ့ပဲဆိုတာ ထင်ရှားပါတယ်။ သူတို့ဆရာကြီးလဲ မျက်နှာမပျက်ရအောင် သူတို့လဲ အဖျက်အမှောင့်လုပ်ရပ်တွေ လုပ်နိုင်အောင် လုပ်ထားတာပါ'

'အဲဒီလုပ်ရပ်ကိုတော့ ပြည်ပနိုင်ငံများက ရှုတ်ချတာတို့၊ ဘာတို့ အသံမထွက်လာပါလားကွာ၊ တို့နိုင်ငံအတွက်ဘာတစ်ခုမျှ ကောင်းကျိုးမပြုခဲ့တဲ့၊ ဒုက္ခဆိုးကျိုးကိုသာပေးနေတဲ့ သူတို့သြဇာခံမယ့်သူကို တို့နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ထိန်းထားတာကိုတော့ အမျိုးမျိုး အော်ဟစ်နေပါလားကွာ'

'အေး၊ ငါတို့ သာမန်ပြည်သူတွေအနေနဲ့ လုံးဝမခံချင်တာ အဲဒါပဲကွ။ သူတို့လုပ်ရပ်က အများပြည်သူအကျိုးကိုမကြည့်၊ တစ်မျက်နှာသာကြည့်တဲ့ သူတို့နိုင်ငံအကျိုးအတွက် သြဇာခံမယ့် သူတို့ထင်သလို ခြယ်လှယ်နိုင်လို့ ရနိုင်တဲ့သူကိုပဲ မျက်နှာသာပေး၊ တစ်ဖက်စောင်းနင်းလုပ်ပေးနေတာ အထင်အရှားပဲလေ'

'နောက်ပြီး ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က ကော့ကရိတ်မြို့မှာ အဝေးထိန်းစနစ်နဲ့ ဗုံးခွဲခဲ့လို့ စစ်ဆေးရေးအဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရခဲ့တဲ့ လက်သည် တရားခံလဲဖြစ်၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ဘားအံမြို့ အားကစားပစ္စည်းအရောင်းဆိုင်မှာ ကက်ဆက်ဗုံးပေါက်ကွဲခဲ့လို့ ကျောင်းသားတစ်ယောက်သေ၊ သုံးယောက်ဒဏ်ရာ ရခဲ့တဲ့ လက်သည်တရားခံ ABSDF က စန်းထွေး(ခေါ်)ရှမ်းပုပ်ကို ဖမ်းဆီး ဖော်ထုတ်ထားတာကောကွာ၊ ဘယ်လို လုပ်ကြံဆင်ခြေပေးကြဦးမလဲ မသိဘူး'

'တစ်ခုခုတော့ လီဆယ်လုပ်ကြံ ပြောဆိုဦးမှာပဲလေကွာ။ သေချာတာကတော့ ပြည်ပနိုင်ငံကြီးအချို့၊ အဖျက်သမားတွေနဲ့ ဆက်စပ်ဆက်နွှယ်နေတဲ့

မြစ်ရေတင်ပေးဝေမှုတွေ လက်ညှိုးထိုးလို့ မလွဲအောင် တည်ဆောက်ထားတာ အမြင်ပဲလေ။ ပညာရေး၊ ကျန်းမာရေးဘက်ကလဲ ခေတ်မီတက္ကသိုလ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ ဖြစ်ပေါ်လာနေတာ နေရာအနှံ့ပဲဟ'

'ကျေးရွာဖွံ့ဖြိုးရေးတို့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးတို့ကိုလဲ အောင်မြင်စွာ လက်တွေ့ အကောင်အထည်ဖော်နိုင်တာ အားလုံးအသိပါကွာ'

'ဒီလို တည်ဆောက်ထားမှုတွေကို ပျက်ပြားအောင်လို့ အကြမ်းဖက်ဖျက်ဆီးဖို့ ကြံစည်လုပ်ဆောင်နေသူတွေ၊ တည်ငြိမ်မှုနဲ့ ဥပဒေစိုးမိုးမှုကို ပျက်ပြားအောင် လုပ်နေသူတွေကို ဟန့်တား၊ ပိတ်ပင်၊ ထိန်းချုပ်ထားတာ နိုင်ငံတော်အစိုးရမှာ အပြစ်လားကွာ'

'တပ်မတော်အစိုးရက ရွေးချယ်တင်မြှောက်ခံ အစိုးရမဟုတ်ဘူးကွာ၊ မဲရွေးပွဲဝင်မယ့် အဖွဲ့အစည်းလဲ မဟုတ်ဘူးကွာ။ ဒါကြောင့် နိုင်ငံရေးပါတီတွေလို ကိုယ်ရွေးချယ်ခံရဖို့ကိုသာ ဦးတည်လုပ်ဆောင်နေတာမျိုးမဟုတ်ဘဲ နိုင်ငံကောင်းဖို့၊ အကျိုးရှိဖို့ဆိုရင် ပြည်သူအများရဲ့ အကျိုးကိုပဲကြည့်ပြီး ဘယ်သူတွေ ဘယ်လောက်ပဲ ဝိုင်းအော်အော်၊ ဖိအားဘယ်လိုပဲပေးပေး လုပ်သင့်တာမှန်သမျှ လုပ်နေတာကို ပြည်သူအများက ကြိုဆိုနေကြတာ အမှန်ပါပဲ'

'နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ကြေညာပြီး လုပ်နေတာလဲ အမြင်ပဲမဟုတ်လား'

'ဟိုပါတီ မပါလို့ အမျိုးသားညီလာခံကြီးက တရားမဝင်ပါဘူးလို့ ပြည်တွင်းပြည်ပက ပြောနေတာကိုကောကွာ'

'အဲ့ဒီပါတီပဲ အမျိုးသားညီလာခံအစမှာ တက်ရောက်လို့ အခြေခံမူဝါဒတွေကို အတည်ပြုခဲ့ကြတာပဲမဟုတ်လား။ နောက်မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း မယ်ဒလင်းအောဘရိုက်ရောက်လာပြီး ဟိုအမျိုးသမီးနဲ့ တွေ့ပြီးမှ ချက်ချင်းပဲ အဲဒီပါတီကိုယ်စားလှယ်တွေ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြတာ မဟုတ်လား'

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကန်ကြီးထောင့်မြို့နယ် အစိုးရနည်းပညာကောလိပ် အဝင်လမ်း ကတ္တရာခင်း လုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၉ ရက်နံနက်က ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာရှိ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြပြီး စည်ပင်သာယာရေးဦးစီးဌာနက ကြီးမှူး၍ ကောလိပ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ (ဓါတ်ပုံ) **တိုင်းစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ပင်မလမ်းကတ္တရာခင်းရန် ခွဲကျောက်စီခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသကြသည်။**

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောင်းအုပ်ကြီးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအား ဆောင်ရွက်ရန်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းမှာကြားပြီး ကျောင်းအဆောက်အအုံအတွင်း စုပေါင်းခန်းမ စင်မြင့်ပြုလုပ်ထားရှိမှု၊ သင်ထောက်ကူခန်းမများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဝင်းအတွင်း အရိပ်ရပင်များ ပြုစုပျိုးထောင်ရေး၊ လမ်းမအင်္ဂါရပ်နှင့်အညီ ရေနုတ်မြောင်းများ စံချိန်စံညွှန်းပြည့်မီစွာ တူးဖော်ထားရှိရေး၊ မြက်ခင်းအလှဆင် စိုက်ပျိုးမှုကို အဆင့်မီစွာ ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်သာယာလှပရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်းသိရသည်။

(ဧရာဝတီတိုင်း)

မြို့သစ် မြို့နယ်ရှိ စွန်ချောင်းရေလှောင်တမံနှင့် ကြက်သွန်စိုက်ခင်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စစ်ဆေး၊ ဆည်ရေကို အကျိုးရှိရှိ အသုံးပြုရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ ဇန်နဝါရီ၉ ရက်က မကွေးတိုင်း မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်ပြီးသော စွန်ချောင်းရေလှောင်တမံ ထိန်းသိမ်းထားရှိမှု၊ ဆည်ရေသိုလှောင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ ထိန်းသိမ်းရေးတာဝန်ခံက ကန်ရေပြည့်ဧကပေ သုံးသောင်းခန့် ဆည်ရေသိုလှောင်ရရှိမှု၊ သီးနှံစိုက်ဧက ၇၀၀၀ အကျိုးပြုမှု၊ နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးဝေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား ဆည်ရေကို အကျိုးရှိရှိ အသုံးပြုရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စွန်ချောင်းရေလှောင်တမံ၏ ပင်မတမံနှင့် ရေထိန်းမျှော်စင်ထိန်းသိမ်းထားရှိမှု၊ ဆည်ရေသိုလှောင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မြို့သစ်မြို့နယ် ယင်းချောင်းဘေး ဝဲ/ယာ တစ်ဝိုက်၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက မြေယာသစ်များ ဖော်ထုတ်စိုက်ပျိုးထားသည့် ကြက်သွန်စိုက်ခင်း ၃၆၉ ဧကကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာနှင့် ကံကြီးကျေးရွာတစ်ဝိုက်၌ ယင်းချောင်းရေဖြင့် စိုက်ပျိုးထားသည့် တိုးတက်လင်းနှင့် နယူးဂိုးလ်ဒင်းဂိတ်ကုမ္ပဏီလီမိတက်တို့၏ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးသည် စိုက်ခင်းမှထွက်ရှိသော ကြက်သွန်ဥနမူနာများနှင့် ဖြစ်ထွန်းအောင်မြင်နေသည့် ကြက်သွန်စိုက်ခင်းကိုလည်းကောင်း၊ ထပ်မံတိုးချဲ့ စိုက်ပျိုးနေသည့် ကြက်သွန်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ အုပ်စုတစ်ဝိုက် ယင်းချောင်းအတွင်းနှင့် ယင်းချောင်းဘေးဝဲ/ယာရှိ မြေလွတ်မြေလပ်များ၌ ကြက်သွန်တစ်အုပ်တစ်မ စိုက်ပျိုးနေကြသည့် ပြည့်ဖြိုးအောင်ကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီများ၏ ကြက်သွန်စိုက်ခင်းများ၊ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့် ကြက်သွန်စိုက်ခင်းများ၊ မြေပြုပြင်စိုက်ကွက်ဖော်နေကြသည့် ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မကွေးတိုင်း မြို့သစ်မြို့နယ်တွင် စိုက်ပျိုးဖြစ်ထွန်းနေသော ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား ပြည့်ဖြိုးအောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရန်နှင့် ပြည်ပပို့ကုန်အဖြစ် ကြက်သွန်စိုက်ပျိုးမှုအခြေအနေ၊ နှမ်းစိုက်ပျိုးမှုအခြေအနေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ပံ့ပိုးကူညီမှု၊ ဇီဝမြေဩဇာများ တွဲဖက်အသုံးပြုမှု၊ ထွက်ရှိသော ကြက်သွန်များ၏ ပြည်ပပို့ကုန် စံချိန်စံညွှန်းပြည့်မီသည့် လက်ရော၊ လက်သီး၊ ရှယ်အတန်းအစားရရှိမှု၊ သက်တမ်း ၈၃ ရက်ဖြင့် စိုက်ကွင်းများအလိုက် ထွက်ရှိသည့် ကြက်သွန်နမူနာများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသအတွင်းရှိ တောင်သူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား စိုက်ပျိုးမြေသစ်ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ စိုက်ပျိုးမှုနည်းပညာနှင့် လိုအပ်ချက်များ ပံ့ပိုးကူညီပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားမည်

ကြက်သွန်ခင်းများမှ တစ်ဧကလျှင် ပျမ်းမျှကြက်သွန်ပိဿာ ၈၀၀၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး မိုးကြက်သွန် ၅၉၄ ဧကကျော် တိုးချဲ့စိုက်ပျိုးထားကြောင်းနှင့် ဆောင်းရာသီတွင် ၁၂၉၉ ဧကအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့ ကမ်းနားအလယ်ရပ်ကွက် လှိုင်မြစ်လမ်းနေ ဒေါ်သန်းရီနှင့်တူ ကိုလှဝင်း၊ တူမ မလှမြင့်တို့က အင်းစိန်မြို့ ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းနာယက ဦးစစ်သိန်း၊ ဦးကျော်ရှိန်နှင့် အမှုဆောင်များက လက်ခံရယူစဉ်။ (က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

'အခုလဲပြီးခဲ့တဲ့နှစ်မေလမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကို တက်ဖို့လဲ ဖိတ်ကြားခဲ့တယ်လို့ သိရပါတယ်။ ဟိုဟာလုပ်ပေးမှ၊ ဒီဟာလုပ်ပေးမှ တက်မယ်ဆိုပြီး တောင်းဆိုမှုတွေလုပ်၊ အခြေအနေနဲ့ အချိန်အခါအရ မလုပ်ပေးနိုင်သေးတာကို အပြစ်တင်ပြီး မတက်ဘဲနေတာလဲ သူတို့ပဲလေကွာ'

'နိုင်ငံအကျိုး ဝိုင်းဝန်းသယ်ပိုးကြမယ့်ကိစ္စမှာ တောင်းဆိုချက်တွေမရလို့ မတက်ဘူးလို့ဆိုတာ အင်မတန်အမြင်ကျဉ်းမြောင်းပြီး ကတ်တီးကတ်ဖဲ့နိုင်တာပဲလေ။ နဂိုကတည်းကကို ငါ့အကြိုက်၊ ငါ့သဘောမဆောင်ရရင် မတက်ဘူးဆိုတာ ထင်ရှားပြီးသားပဲကွာ'

'အမျိုးသားညီလာခံမှာ လူထုလူတန်းစား အဖွဲ့အသီးသီးနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေ အားလုံးပါတယ်ကွာ။ ငြိမ်းချမ်းရေးအဖွဲ့တွေပါမကျန် ပြည့်ပြည့်စုံစုံ ပါထားလျက်နဲ့ တစ်ပါတီတည်းက မပါလို့ တရားမဝင်ဘူးဆိုနေတာ မှန်နိုင်ပါ့မလားကွာ'

'အေးကွာ၊ နောက်ပြီး အမျိုးသားညီလာခံကနေ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတွေကို ချပြလို့ သဘောထားခံယူမယ်။ ပြည်သူအများစုက ကျေနပ်ထောက်ခံမယ်ဆိုမှ အတည်ဖြစ်လာမှာမို့ ဒီမိုကရေစီဘယ်လောက်ကျသလဲဆိုတာ သိသာနေပါတယ်'

'တပ်မတော်အစိုးရပဲကွာ၊ နိုင်ငံအတွက်၊ လူမျိုးအတွက်ဆိုရင် အသက်တောင်ပေးလှူထားတဲ့ တပ်မတော်သားတွေပဲ၊ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူအများရဲ့ အကျိုးဆိုရင် မတွန့်မဆုတ် ရဲရဲဝံ့ဝံ့နဲ့ အောင်မြင်အောင်လုပ်ဆောင်သွားမှာပါ'

'အေးကွာ၊ ငါ့အကျိုး၊ ငါ့ပါတီအကျိုးကို လူတိုင်းလူတိုင်း ဦးစားမပေးဘဲ အမှန်တကယ်သာ နိုင်ငံအတွက်၊ လူမျိုးအတွက် အကျိုးဖြစ်ထွန်းနိုင်မှုတွေကို ဝိုင်းဝန်းလုပ်ကြ၊ အကောင်အထည်ဖော်ကြ၊ ဒီလိုလုပ်တဲ့နေရာမှာ ငါ့အယူ၊ ငါ့ဝါဒနဲ့ မကိုက်ဘူးဆိုရင်တောင် 'မကူချင်ရင်နေ၊ မနှောင့်ယှက်နဲ့' ဆိုသလို နေကြမယ်ဆိုရင် ငါပြောရဲပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အမြန်ရောက်မှာပဲ။ နိုင်ငံလဲ အခုထက်တိုးလို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာပဲ'

'တပ်မတော်အစိုးရ တက်လာကတည်းကသာ ဝိုင်းဝန်းကူညီကြမယ်၊ မကူညီချင်ရင်နေ မနှောင့်ယှက်ဘဲ နေကြမယ်ဆိုရင် ငါတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးလောက်ပြီ။ ရွေးကောက်ပွဲ ကျင်းပပြီး အစိုးရသစ်ကို လွှဲပြောင်းပေးပြီးလောက်ပြီ။ နိုင်ငံလဲ ဒီမိုကရေစီနိုင်ငံအဖြစ် အရှိန်ကောင်းကောင်းနဲ့ ဖြစ်ထွန်းနေလောက်ပြီ။ ပိုမိုဖွံ့ဖြိုး တိုးတက်နေလောက်ပါပြီကွာ'

'အခုတော့ အရာရာမှာ နှောင့်ယှက်ဖျက်ဆီးလုပ်ကြံနေကြတော့ မကြာသင့်ဘဲ ကြာနေကြရတာ အမြင်ပဲလေ။ လူတိုင်း သတိတရားရကြဖို့ ကောင်းပါပြီကွာ၊ သုံးသပ်ဆင်ခြင်ကြဖို့ ကောင်းပါပြီ။ နိုင်ငံနဲ့ လူမျိုးအတွက်ကိုပဲ ဦးစားပေးကြပါလို့သာ အော်လိုက်ချင်ပါပြီ'

ဤသို့ဖြင့် အစားအသောက်ကလဲ ကောင်း၊ စကားဝိုင်းကလဲ ကောင်းပေမယ့် သူ့အလုပ်ကိုယ့်အလုပ်များ ရှိကြသေးသဖြင့် စကားဝိုင်းကို ရပ်ဆိုင်းလို့ အသီးသီး နှုတ်ဆက်ကာ ခွဲခွာခဲ့ကြပါသည်။ ။

အမှတ် ၁၈၄ ကျိုက္ကဆံလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးကျော်လှအား ရည်စူး၍ ဆရာမကြီး ဒေါ်ရွှေပု (D.S.P ပညာ့ရိပ်သာ)နှင့် သားသမီးတစ်စုက အမှတ်(၂) လမ်းမကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုဝင်းအတွင်းရှိ တည်ဆောက်ဆဲ ဘုရားကျောင်းဆောင် တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ကို ဇန်နဝါရီ ၁၁ရက်က လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း ကျောက်ခင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်မှုလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းနေမှု အခြေအနေများကို ယနေ့လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၆နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် တင့်ဆန်းလမ်း လမ်းဆုံသို့ ရောက်ရှိလာပြီး ဦးချစ်မောင်လမ်း အနောက်ဘက်ခြမ်း တစ်လျှောက် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်း မီးရထားခုံးကျော်တံတားအနီး အလံပြဘုရားလမ်း၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း အရှည်ပေ ၈၅၀၊ အကျယ် ၁၆ပေရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ချောကတ္တရာလမ်း ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဗိုလ်တထောင်ဘုရားလမ်း တစ်လျှောက် ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်း ကြားလမ်းပိုင်း၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လသာမြို့နယ် စဥ့်အိုးတန်းလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေ၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ပိုးသတ်ဆေးများ ဖျန်းပက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးအနီး အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်အစပ်ရှိ လမ်းဖြတ်ရေနုတ်မြောင်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူ ရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံ လမ်းဆုံအနီးရှိ ရွာမချောင်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ချောင်းတစ်လျှောက် အမှိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် ရွှေပြည်သာတံတား ချဉ်းကပ်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြား ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ကတ်တုံးများတပ်ဆင်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ အဆင့်မီ ခေတ်မီ မြို့ပြအင်္ဂါရပ်များနှင့် လျော်ညီစွာ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ အနေဖြင့်လည်း မိမိတတ်စွမ်းသည့် ကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း လုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၅ရက်က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အလိုတော်ပြည့် ၁၀ရက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်မှ တပို့တွဲလဆန်း ၆ရက် (ဖေဖော်ဝါရီ၅ရက်မှ ဖေဖော်ဝါရီ၁၄ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသနဟိတဓရ ပုဂံ-ညောင်ဦးနယ်စပ်ဒေသ ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာ အလုပ်ပေး သတိပဋ္ဌာန်ရှုမှတ်နည်း တရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဖေဖော်ဝါရီ ၅ရက်(စနေနေ့) ညနေ၅နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် မိမိတို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၅၄၅၃၃၇၊ ၀၁-၅၄၈၈၆၁၊ ၀၉-၅၀-၁၄၅၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတံခွန်စိုက်ဒိုင်းပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အဌမအကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီးဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့ တက်ရောက်ကြည့်ရှု အားပေးသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြိုင်ပွဲဝင် အားကစားသမားများက ဝန်ကြီးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ယင်းနောက် အမျိုးသမီးတံခွန်စိုက်ဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်းကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်ဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား ဝန်ကြီးကိုယ်စား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ အသက်၇၅နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်သူ ပုဂ္ဂိုလ်ကျော် ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း ၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာနခမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အပူဇော်ခံမည့် အသက်၇၅နှစ်နှင့် အထက် အသင်းသူ အသင်းသားများ၊ ၂၀၀၃-၂၀၀၄ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၂ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၂၂၄၅၈၀၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည် (အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈၊ ဦးကျော်စိုး(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀-၁၄၂၆ နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိမ်တော်ရာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများအဖြစ် ပြာသိုလဆန်း ၁၀ရက် (ဇန်နဝါရီ၁၉ရက်) ညတွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ပြာသိုလဆန်း ၁၁ရက် (ဇန်နဝါရီ၂၀ရက်) ညတွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ပြာသိုလဆန်း ၁၃ရက် (ဇန်နဝါရီ၂၂ရက်) ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်တို့က စေတီတော်ရင်ပြင် ရတနာ့ဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တနင်္သာရီတိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များတွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၂ရက်တွင် မြိတ်မြို့ အားကစားခန်းမ၌ကျင်းပရာ အသင်းဝင်ပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေးက အသင်း၏ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းငွေက လုပ်ငန်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တနင်္သာရီတိုင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ စက်ဘီး ၁၀ စီး၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာပေးလက်ကမ်းစာစောင်များကို ထောက်ပံ့လှူဒါန်းရာ တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက လက်ခံသည်။ယင်းနောက် တွေ့ဆုံပွဲကို ခေတ္တရပ်နားပြီး တက်ရောက်လာသူများက ကိုယ်စားပြုအဖွဲ့ဝင် ၃၀ စီပါဝင်သော စားပွဲဝိုင်းအဖွဲ့ လေးဖွဲ့ခွဲ၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အယ်လီတန်ဟဲဝစ် စတုတ္ထအကြိမ်ဗိုလ်စွဲ

ဆစ်ဒနီ ဇန်နဝါရီ ၁၅

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဆစ်ဒနီမြို့၌ စနေနေ့က ကျင်းပခဲ့သည်။

အဆိုပါ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဩစတြေးလျနိုင်ငံသား အယ်လီတန်ဟဲဝစ်နှင့် ချက်နိုင်ငံသား အီဗိုမီနာတို့ ယှဉ်ပြိုင်ကြရာ အယ်လီတန်ဟဲဝစ်က ၇-၅၊ ၆-၀ဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ဩစတြေးလျ ထိပ်တန်းတင်းနစ်ကစားသမား အယ်လီတန်ဟဲဝစ်သည် ခြောက်နှစ်အတွင်း ဆစ်ဒနီနိုင်ငံတကာအဆင့် တင်းနစ် ဗိုလ်လုပွဲများတွင် စတုတ္ထအကြိမ်မြောက် ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဟဲဝစ်သည် ၂၀၀၀ပြည့်နှစ်၊၂၀၀၁ ခုနှစ်နှင့်၂၀၀၄ခုနှစ်များတွင်လည်း အဆိုပါဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်၍ ယခု၂၀၀၅ခုနှစ်ဖလားနှင့်ဆိုလျှင် စတုတ္ထအကြိမ်မြောက်ဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

၎င်းသည် အဆိုပါတင်းနစ်ပြိုင်ပွဲများကာလအတွင်း ဆက်တိုက်နိုင်ပွဲပေါင်း၂၀ရှိခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဆစ်ဒနီအိုလံပစ်ပြိုင်ပွဲ၌ မက်ဇ်မာနီ တစ်ဦးကိုသာ ရှုံးခဲ့ဖူးသည်။

ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ချက်နိုင်ငံမှ အီဗိုမီနာအား အနိုင် ရရှိ ပြီး ဖလားနှင့်အတူ အောင်ပွဲခံနေသော အယ်လီတန် ဟဲဝစ် ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အေပီ)

လေဖိအားနည်းရပ်ဝန်းအားကောင်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၏ အရှေ့တောင်ဘက် မိုင် ၅၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကာ အနောက်-အနောက်မြောက်ဘက်ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်ကြေညာသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပြာသိုလဆန်း ၇ရက်
(အဖိတ်နေ့)
၁၆-၁-၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဂုံညင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"(အပိုင်း-၃)**
၁၂:၁၅ ၅။ သင်ပုန်းရေလှောင်တမံ
၁၂:၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"သတ္တမြောက်ရင်ခုန်သံ"** မင်းမော်ကွန်း၊စိုးမြတ်နန္ဒာ (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၄:၃၅ ၇။ ရွှေလောင်းတံတား
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၀ ၃။ English for Everyday Use
၁၆:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၆:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၀၅ ၆။ ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ အပိုင်း(၁)
၁၇:၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၇:၅၀ ၈။ **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ)(ဒုတိယပွဲစဉ်) (စင်ကာပူနှင့်အင်ဒိုနီးရှား)**
၂၀:၀၀ ၉။ ပြည်တွင်းသတင်းများ
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ" (အပိုင်း-၁၀)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၂၅ ရပ်ကွက် မြအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ မလေးရှားအသင်းတတိယဆုရရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီက စင်ကာပူနိုင်ငံ ဂျာလန်ဘီအားကစားကွင်း၌ မလေးရှားအသင်းနှင့် မြန်မာအသင်းတို့ယှဉ်ပြိုင်ကစားရာ မလေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

အုပ်စုပွဲစဉ်၌ ဆုံတွေ့ခဲ့ကြသော နှစ်သင်း ပြန်လည်ကစားကြသောပွဲစဉ်ဖြစ်ရာ နှစ်သင်းစလုံးတိုက်စစ်ဦးစားပေးကစားသွားပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ မလေးရှားအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၅ မိနစ်၌ ဘင်ဂျန်လက်(ကျောနံပါတ်-၂၅)က သွင်းယူခဲ့သည်။ မလေးရှားအသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘောလုံးရရှိသွားပြီး မြန်မာအသင်းပယ်နယ်တီဧရိယာအစပ်သို့ဆွဲယူလာစဉ် ဂိုးသမား အောင်အောင်ဦးထွက်၍ ပိတ်ဆို့ဟန့်တားသော်လည်း လွတ်ထွက်သွားရာမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၂မိနစ်တွင် စိုးမြတ်မင်းက ကန်သွင်းယူသည်။ မြန်မာအသင်း ချေပဂိုးရရှိပြီးမကြာမီ ပွဲချိန် ၅၅မိနစ်တွင် မလေးရှားအသင်းအတွက် မိုမက်နော်(ကျောနံပါတ်-၂၃)က ဂိုးသမား အောင်အောင်ဦး ထွက်၍ပိတ်ဆို့နေသည့်ကြားမှ ကန်သွင်းယူရာ ဒုတိယဂိုးရရှိသွားသည်။ မြန်မာအသင်းသည် ဒုတိယပိုင်း၌ ဇော်ဇော်အစား ခင်မောင်ထွန်း၊ အောင်ကျော်မြင့်အစား ဆန်းဒေးသိန်းတို့ကို လူစားလဲကစားခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်း၌ မလေးရှားအသင်းကို ခြေအသာစီးမှ ကစားပြီး ဂိုးသွင်းခွင့်များရရှိခဲ့သည်။ တိုက်စစ်မှူးမျိုးလှိုင်ဝင်း ကန်သွင်းသော နှစ်ကြိမ်မှာ ဂိုးဘားတန်းထိထွက်သွား၍ သေချာပေါက်ဂိုးများ နစ်နာခဲ့ရသည်။ ဒုတိယပိုင်း၌ မြန်မာအသင်း ချေပဂိုးနှင့်အနိုင်ဂိုး သွင်းယူနိုင်မည့် အခြေအနေများဖြစ်ပေါ်ခဲ့သော်လည်း အခွင့်အရေးကို ပိုင်နိုင်စွာအသုံးမချနိုင်ခဲ့ပေ။ ပွဲပြီးခါနီး၌ မလေးရှားအသင်း၏ ပယ်နယ်တီဧရိယာအစပ်၌ အလွတ်တည်ကန်ဘောရရှိရာ စိုးမြတ်မင်းကန်သွင်းသော်လည်း ဘောလုံးမှာ ဂိုးဘားတန်းပေါ်မှ မဆိုသလောက်ကျော်သွား၍ နစ်နာခဲ့ရသည်။

ပွဲအပြီးတွင် မလေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ တတိယရရှိသွားသည်။ မလေးရှားအသင်းက အမေရိကန်ဒေါ်လာ နှစ်သောင်းရရှိမည်ဖြစ်ပြီး မြန်မာအသင်းက စတုတ္ထဆုအဖြစ် အမေရိကန် ဒေါ်လာတစ်သောင်း ရရှိမည်ဖြစ်သည်။

ဗိုလ်လုပွဲ

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၆ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆နာရီတွင် စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဇန်နဝါရီ ၈ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သော ပထမအကျော့ပွဲစဉ်တွင် စင်ကာပူအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ **(မြန်မာ့အလင်း)**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် ဇန်နဝါရီ ၁၂ရက်က မန္တလေး တိုင်း ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်နေ ဦး တင် ညွန့် – ဒေါ်မြရီ၊ သား ထွန်းထွန်းဦးမိသားစုမှ သားဖြစ်သူ မောင်သောင်းဟန် (ကွယ်လွန်)အား ရည်စူး၍ ရွှေတိဂုံစေတီတော်သို့ ရွှေစင်ရွှေပြား ခြောက်ကျပ်သား ၁၇ပြားအတွက် အလှူငွေကျပ် ၁၉၈၉၀၀၀၀(ကျပ်တစ်ရာကိုးဆယ့်ရှစ်သိန်းကိုးသောင်း)အား ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၃၀၂)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)သို့ အမှတ် ၇၂/ဘီ ထန်းတပင်လမ်း အောင်မြေသာစည်အိမ်ရာ ကမာရွတ်နေ ဦးဝင်းမောင်–ဒေါ်တင်တင်အေး၊ သားသမီးမြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ဇန်နဝါရီ ၁၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမှတ် ၄၉၂ မဟာဗန္ဓုလလမ်း ပန်းဘဲတန်းမြို့နယ်နေ ဦးစောညွန့်– ဒေါ်တင်အုန်းမိသားစုက ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ်၁၀သိန်းလှူဒါန်းရာ အကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်သင်းက လက်ခံယူစဉ်။ (က–ပ)

အိမ်မဲကြီးအထက(ခွဲ) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းတည့် ၁၂နာရီတွင် အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)ခန်းမ၌ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံဆရာကြီး၊ဆရာမကြီးများနှင့်ရပ်ဝေးရပ်နီးမှကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားပြီး ပူဇော်လှူဒါန်းလိုပါက ဦးလှမြင့် ဖုန်း – ၆၆၆၈၂၅၊ ဦးအောင်သန်းဦး ဖုန်း–၅၃၄၀၂၀၊ ဦးမောင်မောင်တူး ဖုန်း –၆၈၀၇၃၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက ကြို့ကုန်းအနောက်ရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးရဲထွဋ်က ရပ်ကွက်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးနိုင်ဝင်းအား ပေးအပ်စဉ်။ (၀၄၆)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပြန်များသို့ နှစ်သစ်မင်္ဂလာကျေးဇူးတင်လွှာ

သာသနာရေးဝန်ကြီးဌာန၏ တတိယအကြိမ် တာဝန်ပေးချက်အရ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ၂၀၀၄–၂၀၀၅ခုနှစ်၌လည်း မဇ္ဈိမဒေသ၊ သံဝေဇနိယ လေးဌာန၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ယခုနှစ် အောက်တိုဘာမှစတင်၍ အပတ်စဉ် ပို့ဆောင်ပေးလျက်ရှိရာ အောင်ချမ်းသာဘုရားဖူး ပို့ဆောင်ရေး အဖွဲ့နှင့်ဘုရားဖူးသွားရောက်ခဲ့ကြသည့် ဘုရားဖူးပြန်များက အစစအရာရာ အဆင်ပြေချောမွေ့စွာနှင့်စိတ်အေးချမ်းသာစွာ စားသောက်၊ တည်းခို၊ နေထိုင် ဖူးမြော်ခဲ့ကြရသဖြင့် ကျေးဇူးအထူးတင်ရှိကြောင်း ပြန်ကြားလာကြပါသဖြင့် နှစ်သစ်၌ဘုရားဖူးပြန်များ မင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံကာ အောင်မြင်၍ ချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းနှင့် မိသားစုပမာ ပိုမိုနွေးထွေးသော ဝန်ဆောင်မှုများဖြင့် အပါယ်တံခါးပိတ်ရာ သံဝေဇနိယ လေးဌာန၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ဆက်လက်ပို့ဆောင်ပေးနေပါကြောင်း ဖုန်း–၀၁–၆၆၀၈၄၃၊ ၀၁–၇၀၈၁၅၆၊ ၀၁–၅၄၄၂၈၇၊ ၀၁–၅၄၈၂၁၀တို့သို့ ဆက်သွယ်နိုင်ပါကြောင်း နှစ်သစ်မင်္ဂလာ ကျေးဇူးတင်လွှာအဖြစ် ဖော်ပြအပ်ပါသည်။

သဇင်မြင့်အောင်
အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့။

ဇန်နဝါရီ ၁၅ရက်က Living Concept 2005 ဖွင့်ပွဲကို ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် Netray Companyမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပေါင်းတည်အသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပေါင်းတည်အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသင်းဝင် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၃၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အလုံမြို့နယ် အလုံလမ်း ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် အသက် ၇၄နှစ်ပြည့်ပြီး အသင်းဝင်များ၊ ပညာရည်ချွန်ဆုရရှိသော သား သမီးများအတွက် ဇန်နဝါရီ၂၃ရက် နောက်ဆုံးထား၍ ဖုန်း – ၂၂၀၆၂၁၊ ၃၇၆၇၄၂ နှင့် ၀၉–၅၁၀–၁၃၁၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

[illegible] (B.Sc, Maths)နှင့် [illegible] (B.Sc, Zool. M.Sc, Fi:) [illegible] ၃–၁–၂၀၀၅ ရက်နေ့တွင် [illegible] လက်ထပ်ပြီးစီးပါကြောင်း။

[illegible]

ရွှေနန်းတော် သုံးထပ်ဆွမ်းစားကျောင်းဆောင်

ရေစက်ချ အလှူတော်

ကျေးဇူးတော်ရှင် သက်တော်ရှည် **မြွေချင်ဆရာတော်ဘုရားကြီး** အား ဦးထိပ်ထားလျက်
မော်ဘီမြို့ အောက်ဝါးနက်ချောင်းကျေးရွာ မွေးဗုဒ္ဓ ဇေတဝန်တောရ
ဆောက်နွားရာမ ကျောင်းတိုက်ကြီး၏ **ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်** ဆောင်ရွက်နေသော
ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွက်
နှစ်ဖက်သော မိဘများဖြစ်ကြသော
ဦးမြ + (ဒေါ်ခင်စန်းရီ)၊ (ဦးခင်မောင်သိန်း) + ဒေါ်ခင်မြမြတို့အား အမှူးထား၍
ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်
သမီး သက်ရတနာကျော်ဝင်း @ Grace Wan
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မိသားစု တို့က
လိုအပ်သောအချိန် လိုအပ်သောနေရာ၌ လိုအပ်သောပစ္စည်းကို လိုအပ်သမျှ
ပေးလှူလိုသော ကောင်းမြတ်သော စိတ်ဆန္ဒဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မြတ်နိဗ္ဗာန်ကို
ရည်သန်မျှော်ကိုး၍ **ရွှေနန်းတော် သုံးထပ် ဆွမ်းစားကျောင်းကြီး**ကို
ဘုရားအမှူးရှိသော **(၂၅၀)** တို့၏ အထံမှောက်၌ ဝမ်းမြောက်ကြည်နူးစွာ
ရေစက်သွန်းချလှူဒါန်းလိုပါသဖြင့် ရပ်ဝေးရပ်နီး အသိသိမှ မွေးမိတ်ဆွေ
အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပမည့် ၂၃–၁–၂၀၀၅ (တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီ အချိန်တွင် အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြတော်မူသော **ဆရာတော်ကြီးများ၏** ဩဝါဒအဆုံးအမများကို နာယူကြရမည်ဖြစ်ပါသည်။

ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့်
ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်နိုင်
မိသားစု

ရွှေမန်းတောင်
အအေးမိ–ခေါင်းကိုက် ကိုယ်လက်ကိုက်ခဲခြင်းများနှင့် တုပ်ကွေးများများကို ပျောက်ကင်းစေပါသည်။

တံတားဦးမြို့ ဈေးပတ်လမ်း ကျောက်ချောလမ်းဖွင့်

တံတားဦး ဒီဇင်ဘာ ၂၆

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တံတားဦး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်ခဲ့သာ ဈေးပတ်လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ် မှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ ဈေးပတ်လမ်းမှာ အရှည် ၄၃၅ ပေနှင့် အကျယ် ၁၂ ပေရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဈေးကုန်း-ရှန်ခိုက်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၄ရက်က အင်ဂျင်နီယာမှူး ဦးဝင်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးကိုကိုနိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက် ညောင်ရွှေမြို့နယ်၌ဖွင့် ရေရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေး

ညောင်ရွှေ ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပွဲနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေးအထောက်အကူပြု ဆွေးနွေးပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု ကုနကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကုနကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဦးကောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခတ်ပုံကျွမ်းကျင်(၂) ဦးမြတ်သူက ပြန်ကြားရေးဝန်ကြီးဌာနအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်ပညာရပ်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ပေါင်းအောင်ရေ ရရှိရေးနှင့် မိုးစပါးစိုက်ပျိုးရေး ဓနုဖြူမြို့နယ်၌ အကျိုးပြုရေမြောင်းတူးဖော်

ဓနုဖြူ ဇန်နဝါရီ ၅

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အတူ ဆည်မြောင်းဦးစီးအရာရှိ ဦးထွန်းအောင်၊ မြေစာရင်းဦးစီးအရာရှိ ဦးဆန်းလင်းဦး၊ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးညီလေးမောင်နှင့် သစ်တောဦးစီးအရာရှိ ဦးဝေလွင်ဦးတို့သည် ဒီဇင်ဘာ ၂၅ ရက်က ပုကွန်ကျေးရွာအုပ်စု၊ ငနီကျေးရွာအုပ်စုနှင့် စစ်ကွင်းကျေးရွာအုပ်စုများတွင် နွေစပါးအောင်ရေရရှိစေရေးနှင့် မိုးစပါးကို စောစီးစွာ မျိုးကောင်းမျိုးသန့်များ အချိန်မီစိုက်ပျိုးရေးနှင့် အကျိုးပြုမည့် ရေမြောင်းတူးဖော်ရန်နေရာများ ကွင်းဆင်းစစ်ဆေးကြသည်။**(အောက်ပုံ)** အဆိုပါ ရေမြောင်းအရေအတွက် ငါးမြောင်း၊ အရှည်ပေ ၂၆၂၅၀ နှင့် အကျိုးပြုဧရိယာ ၁၅၂၃ဧက ရှိမည် ဖြစ်သည်။

စိုက်ပျိုးရေးဆွေးနွေး

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် စိုက်တိုးမြှင့်အဖွဲ့များသည် ပက်တန်းဘုန်းတော်ကြီးကျောင်းတွင် တောင်သူများနှင့် တွေ့ဆုံ၍ နွေစပါးအပြည့်အဝ စိုက်ပျိုးရေး၊ ဆောင်းသီးနှံ လျာထားချက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးရေးနှင့် နေကြာသီးညှပ်စိုက်ပျိုးရေး အခြေအနေများ ဆွေးနွေးကြသည်။ **(ဝ၈၅)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တပ်ကုန်းမြို့နယ် ကျေးရွာစာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ပြောကြား

တပ်ကုန်း ဒီဇင်ဘာ ၃၁

တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ အုပ်စုလုံးကျွတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာနံနက် ၁၀နာရီတွင် ဒရောက်ကူးကျေးရွာ သစ္စာရောင်ခြည်စာကြည့်တိုက်ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အောင်မြေရိပ်သာကျေးရွာ မေတ္တာရောင်ခြည်စာကြည့်တိုက်ကိုလည်းကောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်(၁) ဦးမြတ်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်လက်-အင်ကြင်းပင်-ရှိန်မ ကားလမ်း ကျောက်ချောလမ်းခင်း လုပ်ငန်းဆောင်ရွက်

စစ်ကိုင်း ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးသည် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝက်လက်-အင်ကြင်းပင်-ရှိန်မကားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၅ ရက်က ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ ၁၄ မိုင်အရှည်ရှိပြီး ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၈ မိုင် ၄ ဖာလုံဆောင်ရွက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်၌ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၁၆၅သိန်းဖြင့် လမ်းအရှည် ၁ မိုင် ၂ ဖာလုံ ကျောက်ချောလမ်းခင်း ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကျောက်ချောခင်း

ဒီဇင်ဘာ ၂၂ရက်က ငပုတော မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျုံကူး-ရဲခေါင်ကြီး ကျေးလက်လမ်း ကျောက် ချော ခင်း မှု ကို အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသူရလွင်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ဇန်နဝါရီ ၈ရက်က ကင်းဆိပ်ခြိတ်တောင် ကျေးလက်လမ်းပေါ်ရှိ သူဌေးကုန်း ကျေးလက် တံတားလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်း တိုင်းတာ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်လှစ်

ရွှေတောင် ဇန်နဝါရီ ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံမှ ကြီးမှူးကျင်းပသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နှင့် စက်ရုံနှစ်ပတ်လည်နေ့ အားကစားပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီခွဲက စက်ရုံအားကစားကွင်းတွင် ကျင်းပရာ ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် အားကစားပြိုင်ပွဲများဆက်လက်ကျင်းပပြီး ဆုရရှိကြသူများအား စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြသည်။ **(၁၁၆)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ပုသိမ်မြို့၌ကျင်းပ

ပုသိမ် ဇန်နဝါရီ ၃

ပုသိမ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက်က ပုသိမ်မြို့ မြို့နယ်အသင်းရုံးရှိယာယီမဏ္ဍပ်တွင်ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီးဒေါ်တင်တင်လတ်က ပြိုင်ပွဲဝင်ကြသော မိခင်များနှင့်ရင်သွေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် ပုသိမ်ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန် ဒေါက်တာအောင်ကြည်ဝင်းနှင့် သားဖွားနှင့် မီးယပ်ပါရဂူ ဒေါက်တာ သန်းသန်းအေးတို့က ဦးစီး၍ မြို့နယ်ကျန်းမာရေးဌာနမှ သူနာပြုဝန်ထမ်းများက မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အတူ မွေးစမှ အသက်နှစ်နှစ်အထိ ရင်သွေးငယ်များအား သက်တမ်းအလိုက် လခွဲခြား၍ ကိုယ်ခန္ဓာအလေးချိန်ခြင်း၊ ရောဂါဗေဒစမ်းသပ်ခြင်း၊ လိုအပ်သောဆေးဝါးနှင့် ဖြည့်စွက်အာဟာရမုန့်များ ကိုယ်စီပေးအပ်ကြောင်း သိရသည်။

(ဧရာဝတီတိုင်း)

အမြို့မြို့ အနယ်နယ် သတင်းများ

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ လှည်းကူးမြို့၌ကျင်းပ

လှည်းကူး ဇန်နဝါရီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရိပ်သာရပ်ကွက် အားကစားပြိုင် ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အဆိုပါ ရပ်ကွက်တွင် ဇန်နဝါရီ ၄ရက်က ကျင်းပသည်။

ဆုပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လွင်က ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲတွင် ပထမဆုရ ပြည်တော်သာရပ်ကွက်အား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း ထူးချွန် ကျောင်းသား ကျောင်းသူများ ပညာသင်စရိတ် ချီးမြှင့်ပွဲနှင့် အလှူရှင်များဂုဏ်ပြုပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၃

မော်လမြိုင်ကျွန်းမြို့နယ်အသင်း၏ ၂၀၀၄ ခုနှစ် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ချီးမြှင့်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကား ပြောကြားပြီး မော်လမြိုင်ကျွန်းမြို့နယ် အသင်း ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ဆုချီးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ခီးလာထူးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားပြီး အလှူရှင်များထံ ဂုဏ်ပြု မှတ်တမ်းလွှာများကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများနှင့် တက္ကသိုလ်ဝင် အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၇)**

ပဲခူး ကြခတ်ဝိုင်းစာသင်တိုက် မှခ်ဦးအလှူရေစက်ချပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၁၃

ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်း စာသင်တိုက်၏ အဝင်မုခ်ဦးကို သဲတောမြို့ ရွှေကိန္နရီ အထည်စက်ပိုင်ရှင် ဦးအုန်းကျော်–ဒေါ်မို မိသားစုက တည်ဆောက်လှူဒါန်းခဲ့ရာ ရေစက်ချအလှူတော်ကို ဇန်နဝါရီ ၁၁ ရက် နံနက်က ကျောင်းတိုက်ကြီး၏ ဆွမ်းစားဆောင်တွင် ကျင်းပသည်။

တရားချီးမြှင့်

ရေစက်ချအလှူတွင် ကျောင်းတိုက်ရှိ သံဃာတော်များအား တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် အလှူရှင်၏ ငွေကျပ် ၁၀၀၀၀၀ အလှူနှင့် မုခ်ဦးအလှူနှစ် ရပ်ပေါင်းငွေကျပ် ၈၅၀၀၀၀ အတွက် ရေစက်သွန်းချရာ ကျောင်းတိုက်ကြီး၏ ပဓာန နာယကတွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော် ဘဒ္ဒန္တ ဇောတိပါလက အနုမောဒနာတရား ချီးမြှင့်တော်မူကြောင်း သိရသည်။ **(က–ပ)**

ညောင်လေးပင်၌ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြော

ညောင်လေးပင် ဇန်နဝါရီ ၃

၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် ည ၇ နာရီက ညောင်လေးပင်မြို့ ဝိုင်အမ်ဘီအေ ရပ်ရှင်ရုံ ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင် ဒေါက်တာမြင့်သန်းက ဖတ်ကြားသည်။

ဟောပြော

ယင်းနောက် ၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲ သုတပဒေသာ (သိပ္ပံ/အသုံးချသိပ္ပံ) ငွေရောင်လူသားများဖြင့် စာမူတတိယဆုရရှိသူ ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)အား မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်ပြီး စာရေးဆရာကြီးများဖြစ်ကြသော ဒါရိုက်တာမောင်နေမျိုး၊ လယ်တွင်းသားစောချစ်နှင့်နွှမ်ဂျာသိုင်းတို့က စာပေရေးရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **(၁၃၄)**

မြိတ်မြို့တွင် အကြိုအခြေခံမီးသတ်သင်တန်းဆင်း

မြိတ် ဇန်နဝါရီ ၅

မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သော အကြိုအခြေခံမီးသတ် သင်တန်းအမှတ်စဉ် (၅/၂၀၀၄) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၇ ရက် ည ၈နာရီက မြိတ်တောင်နယ်မြေ မြို့သစ်အလက(ခွဲ)တွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်သိန်းထွန်းတို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(ဝဲပုံ)** အဆိုပါ သင်တန်းသို့ သင်တန်းသား ၈၂ ဦး တက်ရောက်ခဲ့ကြသည်။ **(က–ပ)**

နိုင်ငံတော်၏သယံဇာတများ အကျိုးရှိရှိထုတ်ယူသုံးစွဲနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုနိုင် အဖိုးတန်ကျောက်မျက်ရတနာများ ခေတ်မီနည်းစနစ်များဖြင့်ရှာဖွေဖော်ထုတ်ပြီး ဝင်ငွေပိုမိုရရှိရေးကြိုးပမ်း နိုင်ငံတကာအသိအမှတ်ပြု ကျောက်မျက်ရတနာဈေးကွက်ခိုင်မာစွာဖြစ်ထွန်းလာရေး အလေးထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကားစီးရေ၃၀၀ခန့် CNG ထည့်ပေးနိုင်မည့် ဒုတိယမြောက်အရောင်းဆိုင်ဖွင့် ဓာတ်ဆီတစ်ဂါလန်နှင့်အညီ သဘာဝဓာတ်ငွေ့ ၁၆၅ကုဗပေ ကျပ်၁၀၀ဖြင့်ရောင်းချပေး

ရန်ကုန် ဇန်နဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၄) (ကျိုက္ကလို့)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှူး၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

တိုက်ဂါးဖလားဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

စင်ကာပူနိုင်ငံ၌ကျင်းပမည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် စင်ကာပူဘောလုံးအသင်းနှင့် အင်ဒိုနီးရှားဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားကြပုံများကို ဇန်နဝါရီ၁၆ရက် ညနေ၅နာရီ မိနစ်၅၀အချိန်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီစည်းဝေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များဆွေးနွေးတင်ပြ

ရန်ကုန် ဇန်နဝါရီ ၁၅

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း

နယူးယောက်မြို့ရှိ သဘာဝသမိုင်းပြတိုက်၌ နှစ်သန်းပေါင်း ၁၃၀က ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းငယ်ကို ဇန်နဝါရီ၁၂ရက်က ပြသထားစဉ်။ **(အပေါ်ပုံ)**

ယင်းဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းငယ်သည် တရုတ်နိုင်ငံမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး နို့တိုက်သတ္တဝါများက ဒိုင်နိုဆောငယ်များအပါအဝင် ကျောရိုးရှိသတ္တဝါများကို စားသုံးခဲ့သည့် ပထမဆုံးအထောက်အထားကို တွေ့ရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဒိစ်အင်ပက်အာကာသယာဉ် လွှတ်တင်

ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ် လေတပ်အခြေစိုက် စခန်းမှ နာဆာ၏ဒိစ်အင်ပက် အာကာသယာဉ်ကို သယ် ဆောင် သွားသည့် ဘိုးရင်းဒယ်တာတူးဒုံးပျံ လွှတ်တင် လိုက် သည် ကို ဇန်နဝါရီ၁၂ရက်က တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါအာကာသယာဉ်သည် မိုင်သန်းပေါင်း ၄၃၁ သန်းရှိ အာကာသ ကောင်းကင်ခရီးကို ခြောက်လကြာအောင် လှည့်ပတ်သွားလာမည်ဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ။**